မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်၊ သောကြာနေ့၊ အတွဲ(၄၆)၊ အမှတ် (၁၂၅)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ဆင္ဍအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်ကြည်ညို

လှူဒါန်းပူဇော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား ဆွမ်း၊ ခဲဖွယ်ဘောဇဉ်များဖြင့် ဆက်ကပ်လှူဒါန်းပူဇော် ဖူးမြော်ကန်တော့စဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၁

လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ ဆင္ဍအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်ကြည်ညိုသည်။

စာမျက်နှာ ၇ ကော်လံ ၁ ☆

အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းနေ ကုလသမဂ္ဂ ဌာနေအဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းဆောင်ရွက်ကာ ကွင်းဆင်းစစ်ဆေးလျက်ရှိ

တပ်မတော်မှထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ တပ်သားသစ်စုဆောင်း အသက်ငယ်လွန်းသူ၊ အသက်လိမ်ဝင်သူ၊ သတ်မှတ်ချက်နှင့်မကိုက်ညီသူ၊ ဆေးမအောင်သူများကို လက်မခံ

နေပြည်တော် ဖေဖော်ဝါရီ ၁

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဆင္ဍမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄ နာရီက နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဝင်များဖြစ်ကြသော အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ စစ်ဥပဒေချုပ်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

2-2 (01) 1 2/2/07, 2:56 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး အိုင်တီနည်းပညာ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်း

နိုင်ငံတကာတွင် သိပ္ပံနှင့်နည်းပညာများ အရှိန်အဟုန်ဖြင့် လျင်မြန်စွာ တိုးတက်ဖြစ်ထွန်းနေခြင်းနှင့်အတူ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသစ်များ(ဝါ) အိုင်တီနည်းပညာများ ဆက်စပ်ယှက်နွယ် ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည်။ တိုးတက်နေသော အိုင်တီနည်းပညာသစ်များ အချိန်နှင့် တစ်ပြေးညီရရှိရေး၊ အမျိုးသားအကျိုးစီးပွား တိုးတက်ဖြစ်ထွန်းရေးအတွက် နိုင်ငံတော်က အထူးအလေးထား ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် ဆန်းသစ်သော အိုင်တီနည်းပညာကို ကျယ်ကျယ်ပြန့်ပြန့် အကျိုးရှိရှိ အသုံးချကြရမည်။ နိုင်ငံတော်အနေဖြင့် အိုင်တီနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ အိုင်တီထုတ်ကုန်နှင့် နည်းပညာပြပွဲများကို နှစ်စဉ်ပြုလုပ်ပေးလျက်ရှိသည်။

အိုင်တီနည်းပညာများကို ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဆောင်ရွက်နိုင်မှုကြောင့် လူငယ်များ အိုင်တီနည်းပညာအပေါ် စိတ်ဝင်စားမှု များပြားလာပြီး နောက်ဆုံးပေါ် အိုင်တီနည်းပညာများကို လက်တွေ့အသုံးချလာနိုင်ခဲ့သည်။ ထိုသို့ အိုင်တီနည်းပညာကို အခြေခံ၍ လုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်လာခြင်းဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းက အထောက်အကူ ရရှိလာသည်။

စီးပွားကုန်သွယ်မှုကဏ္ဍနှင့် အိုင်တီနည်းပညာကဏ္ဍတို့ တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆက်စပ်လျက်ရှိရာ အိုင်တီနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် အသုံးချနိုင်ရန်အတွက် အိုင်တီပညာရှင်များ၏ အကြံဉာဏ်နှင့်အကူအညီများရယူပြီး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အိုင်တီနည်းပညာနှင့် အခြားစီးပွားရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အိုင်တီနည်းပညာကဏ္ဍတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် အိုင်တီနည်းပညာဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ကြိုးပမ်းစွမ်းဆောင်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်–

	အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန
(က)	ဦးကျော်သူ	ညွှန်ကြားရေးမှူးချုပ် အမှတ်(၁) အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန
(ခ)	ဒေါက်တာဦးဝင်း	ပါမောက္ခချုပ် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)၊ ပညာရေးဝန်ကြီးဌာန
(ဂ)	ဦးညွန့်အောင်	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန
(ဃ)	ဦးအောင်ကြည်	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စက်ရုံနှင့်အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန

လောကချမ်းသာ အဘယလာဘမုနိ မော်ကွန်းပြတိုက်ဖွင့်ပွဲကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၁

လောကချမ်းသာအဘယလာဘမုနိ မော်ကွန်းပြတိုက်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ အဆိုပါပြတိုက်၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် သူရအောင်ကို၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က လောကချမ်းသာ အဘယလာဘမုနိ မော်ကွန်းပြတိုက်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့် တက်ရောက်လာကြသူများက ပြတိုက်အတွင်းရှိ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ် ပုံစံတူနှင့် မတ္တရာမြို့နယ်ရှိ စကျင်တောင်မှ အင်းစိန်မြို့နယ်ရှိမင်းဓမ္မကုန်းတော်သို့ ရုပ်ပွားတော်မြတ်ပင့်ဆောင်ပုံအဆင့်ဆင့် မှတ်တမ်းဓာတ်ပုံများနှင့် ရွှေအတိဖြင့် ပြုလုပ်ထားသော မင်းဓမ္မကုန်းတော် ပုံစံတူတို့ကို လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

မိခင်ကြီး ဒေါ်မြရွှေခုနစ်နှစ်ပြည့်အား ရည်စူး၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားရိပ်သာ လမ်းအမှတ် ၁၆–ဘီနေ ဦးသက်ဘို–ဒေါ်ခင်သိန်း၊ မြေး – ဂူးဂူး မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၂-၂၀၀၇
(သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	အကြောင်းစုံလို့ အကောင်းစုံပါသည် တရားတော် (ဓမ္မဒူတ အရှင်ဆေကိန္ဒဆရာတော်) (အပိုင်း–၁)
၈း၀၅	Myanmar Video Rhythm
၉း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅	လန်းဆန်းသွက်လက်စေဖို့အတွက် ပန်းမွှေးဆီသုံး ရေချိုးစက်
၉း၄၀	တေးဂီတအစီအစဉ်
၉း၄၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၀း၀၀	မိုးလေဝသခန့်မှန်းချက်
၁၀း၀၅	မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းညီလာခံ
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၀	တောင်ပေါ်လက်ဖက် နတ်သစ်ရွက်
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	ကုန်ပစ္စည်းသစ်မိတ်ဆက်
၁၁း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀	ဆီးချိုခြေထောက်ရောဂါ (ဒေါက်တာသန်းသန်းအေး)
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	Movie Talk (သရုပ်ဆောင် ဒါရိုက်တာ သတိုးစောနှင့် တွေ့ဆုံခြင်း) (အပိုင်း–၂)
၁၂း၁၅	နိုင်ငံတကာ သတင်းအကျဉ်း
၁၂း၂၀	"ဝိုင်းဝန်းပက်ဖျန်း မေတ္တာပန်း" ထောက်ကြန့်ကလေးပြုစုရေးဌာန
၁၂း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀	"Ecotourism ဆွဲဆောင်ဖို့ သဘာဝကိုထိန်းသိမ်းစို့" ဖိုးကျားဆင်စခန်း (အပိုင်း–၁)
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၂-၂-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၃၀	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၃။	စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆း၄၀	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သံစဉ်မဲ့မေတ္တာ"** (အပိုင်း–၃)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးနဂါးသိုင်းရှစ်ကွက်"** (အပိုင်း–၄)

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဆဋ္ဌမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

❒ **ရှေ့ဖုံးမှ**

ရှေးဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ၏ ဆဋ္ဌမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖြစ်ကြောင်း။

ထပ်မံပြင်ဆင်ဖွဲ့စည်း

မိမိတို့ကော်မတီကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် စတင်ဖွဲ့စည်းပေးခဲ့ပြီး ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ထပ်မံပြင်ဆင်ဖွဲ့စည်းပေးခဲ့ကြောင်း။

မိမိတို့ကော်မတီသည် ၂၀၀၄ ခုနှစ်ကစပြီး အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းများကို ဦးစီးဦးဆောင်ပြုပြီး တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ အတော်ထိရောက်အောင်မြင်မှုများရှိခဲ့သည်ကို တွေ့ကြရမည် ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ဤကာလအတွင်း UNDP, UNICEF စသည့် ကုလသမဂ္ဂ ဌာနေအဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မိမိတို့၏ ဆောင်ရွက်ချက်များကို အဆိုပါအဖွဲ့များအား သက်ဆိုင်ရာ စစ်သားစုဆောင်းရေးတပ်များသို့ လိုက်လံပြသပြီး စုဆောင်းထားသည့် တပ်သားသစ်များနှင့်လည်း တွေ့ဆုံပေးခဲ့ကြောင်း။

၂၀၀၆ ခုနှစ် ဩဂုတ်လအတွင်းတွင် ကုလသမဂ္ဂဆိုင်ရာ UNICEF ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Mr. Kul Gautan မြန်မာနိုင်ငံသို့ လာရောက်စဉ်ကလည်း မိမိကိုယ်တိုင် အဆိုပါပုဂ္ဂိုလ်နှင့် လက်ခံတွေ့ဆုံပြီး အရွယ်မရောက်သေးသည့် ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေး၊ ထိန်းသိမ်းကာကွယ်ရေး စသည့် မိမိတို့လုပ်ဆောင်နေသည့် လုပ်ငန်းများကို ရှင်းလင်းပြခဲ့ပြီး စစ်သားစုဆောင်းရေးတပ်များသို့ ကွင်းဆင်းစစ်ဆေးကြည့်ရှုရန် မိမိအနေဖြင့် ဖိတ်ခေါ်ခဲ့ကြောင်း၊ ၎င်းခရီးစဉ်နောက်ပိုင်း မြန်မာနိုင်ငံရှိ UNDP နှင့် UNICEF တို့မှ ဌာနေကိုယ်စားလှယ်များအား မန္တလေးရှိ ICRC ရုံး အကြီးအကဲနှင့်အတူ ၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် မန္တလေး စစ်သားစုဆောင်းရေးတပ်၌ တပ်သားသစ်များ စုဆောင်းပုံနှင့် စုဆောင်းထားသည့် တပ်သားသစ်များနှင့် တွေ့ဆုံပေးပြီး ရင်းရင်းနှီးနှီးမေးမြန်းခွင့် ပေးခဲ့ကြောင်း။

ပို့ဆောင်လေ့လာ

ထို့အပြင် မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ စစ်သံရုံးများမှ စစ်သံမှူးများအားလည်း ရန်ကုန်ရှိ စစ်သားစုဆောင်းရေးတပ်မှ တပ်သားသစ်များနှင့် ဖောင်ကြီးရှိ လေ့ကျင့်ရေးကျောင်းတို့သို့ ပို့ဆောင်ပေးပြီး လေ့လာစေခဲ့ကြောင်း၊ မကြာမီရက်ပိုင်းအတွင်း မြန်မာနိုင်ငံရှိ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ UNDP, UNICEF ဌာနေကိုယ်စားလှယ်များအား ရန်ကုန်တွင် အလားတူပြသရန် မိမိတို့စီစဉ်ထားကြောင်း။

မိမိတို့ကော်မတီ၏ ဦးစီး လမ်းညွှန်ဆောင်ရွက်မှုများကြောင့် တပ်သားသစ်များ စုဆောင်းရာတွင် မိမိတို့တပ်မတော်မှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ စနစ်ကျနစွာ စုဆောင်းလာကြပြီး တချို့ ငယ်ရွယ်လွန်းသူများကို မိဘများထံ ပြန်လည်အပ်နှံပေးခြင်း၊ မိဘများ၏ စာရေးသားတင်ပြချက်များအရ တချို့ အသက်လိမ်လည်၍ ဝင်ရောက်လာသူများကို မိဘများထံ ပြန်လည်အပ်နှံပေးခြင်း၊ ညွှန်ကြားချက်များပါ သတ်မှတ်ချက်များနှင့် မကိုက်ညီသူ၊ ဆေးစစ်ရာတွင် ဆေးမအောင်သူများကိုလည်း လက်မခံဘဲ မိဘများထံ ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း။

ပြန်လည်စေလွှတ်

ကိန်းဂဏန်းအရ အတိအကျပြောရလျှင် ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ အသက်ငယ်ရွယ်လွန်းသူ ၁၂၂ ဦးကို မိဘများထံ ပြန်လည်စေလွှတ် အပ်နှံပေးခဲ့ပြီး သတ်မှတ်ချက်နှင့် မကိုက်ညီသူ ၂၆၈ ဦး၊ ဆေးမှတ်ချက်ဖြင့် ဆေးမအောင်သူ ၁၇၇ ဦး စုစုပေါင်း ၅၆၇ ဦးကို မိဘများထံ ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း၊ ထိုသို့ မိမိတို့၏ ဆောင်ရွက်ချက်များကိုလည်း Focal Point တာဝန်ယူထားသည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် သက်ဆိုင်ရာများကိုလည်း အသိပေး အကြောင်းကြားခဲ့ကြောင်း။

ထိုသို့ ဆောင်ရွက်ချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့်လည်း မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ အေဂျင်စီများသို့ ပုံမှန်အသိပေးလျက်ရှိပြီး နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်း မြန်မာကိုယ်စားလှယ်အနေဖြင့်လည်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အား အကြိမ်ကြိမ်တွေ့ဆုံကာ မိမိတို့၏ ကြိုးပမ်းဆောင်ရွက်ချက်များကို အမည်စာရင်းများနှင့်တကွ အသိပေးခဲ့ကြောင်း။

လုပ်ကြံမှုများရှုံးနိမ့်

အားလုံးသိကြသည့်အတိုင်း အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့သည် မြန်မာနိုင်ငံ၏ အရေးကိစ္စသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးကို ထိခိုက်စေနိုင်သည်ဟူသော အကြောင်းပြစွပ်စွဲမှုများ လုပ်ကြံဖန်တီးပြီး ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစီအစဉ် Agenda တွင် ထည့်သွင်းဆွေးနွေးခွင့်ရရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ မဲခွဲဆုံးဖြတ်ရာတွင် နိုင်ငံရေး၊ စီးပွားရေးအရ ဖိအားပေးဆောင်ရွက်မှုများကြောင့် အနိုင်ရရှိခဲ့သော်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ Double Veto အာဏာသုံးကာ ပယ်ချခဲ့မှုကြောင့် ၎င်းတို့၏ လုပ်ကြံမှုများ အရေးရှုံးနိမ့်သွားခဲ့ကြောင်း။

သို့ရာတွင် **အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့သည် မြန်မာနိုင်ငံအပေါ် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး စသည်များကို အမျိုးမျိုးပုံဖော်ပြီး ဖိအားပေးလာဦးမည်ဖြစ်ကြောင်း၊ Armed Conflict, Child Soldier စသည့် ကိစ္စများဖြင့် စွပ်စွဲပြီး မိမိတို့၏ ပြည်တွင်းရေးကို နည်းမျိုးစုံသုံးပြီး ဝင်ရောက်စွက်ဖက်နိုင်အောင် ကြိုးပမ်းလုပ်ဆောင်လာဦးမည်ဖြစ်ကြောင်း။**

ဟန့်တားကျော်လွှား

ပြည်တွင်း ပြည်ပ၌ရှိနေသည့် ပြည်ပအားကိုး အမျိုးသားသစ္စာဖောက်များကလည်း တိုင်းပြည်ပျက်ရင် ပျက်ပါစေ၊ အာဏာရရင်ပြီးရောဆိုသည့် အတ္တစွဲများဖြင့် နယ်ချဲ့လက်သစ်များကို လက်ယပ်ခေါ်နေကြသည့်အတွက် ဤအန္တရာယ်များကို သတိတရား လက်ကိုင်ထားပြီး ပြည်သူများ၏ စည်းလုံးညီညွတ်သည့် အင်အား၊ တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်စွမ်းပကားများဖြင့် ရင်ဆိုင်ဟန့်တားကျော်လွှားကြရမည်ဖြစ်ကြောင်း။

အဖွဲ့ဝင်နိုင်ငံ ၁၁၈ နိုင်ငံပါဝင်သော ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးကလည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့နည်းတူ အမှန်တရားဘက်က မိမိတို့နိုင်ငံကို ခိုင်ခိုင်မာမာရပ်တည်ပေးနေကြသည့်အတွက် မည်သူတရားပျက်ပျက် ကိုယ်မပျက်စေဘဲ မိမိတို့လုပ်သင့်သော လုပ်ငန်းများကို တစိုက်မတ်မတ် ဆက်ပြီးလုပ်ဆောင်သွားကြရန်ဖြစ်ကြောင်း။

မျိုးချစ်စိတ်ဓာတ်အခြေခံ

နိုင်ငံတိုင်း နိုင်ငံတိုင်းသည် ကိုယ့်နိုင်ငံ၏ အကျိုးစီးပွားကို ကာကွယ်ရန်၊ ကိုယ့်အချုပ်အခြာအာဏာကို ကာကွယ်စောင့်ထိန်းရန် လက်နက်ကိုင် အဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းတည်ထောင်ထားကြသည်ချည်းပင် ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဖွဲ့စည်းတည်ထောင်ရန်အတွက် စစ်သားစုဆောင်းမှုပြုကြရကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပြုန်းတီးသွားသော အင်အားများအတွက် တပ်သားသစ်များ စုဆောင်းကြရကြောင်း၊ မိမိတို့တပ်မတော်သည် မျိုးချစ်စိတ်ဓာတ်ကို အခြေခံပြီး ဖွဲ့စည်းထားသည့် တပ်မတော်ဖြစ်ကြောင်း၊ တပ်သားသစ်စုဆောင်းရာတွင် အတင်းအကျပ်စုဆောင်းခြင်းမျိုးမဟုတ်ကြောင်း၊ မိမိစိတ်ဆန္ဒဖြင့် တပ်ထဲဝင်လာကြသူများဖြစ်ကြောင်း၊ မိမိစိတ်ဆန္ဒဖြင့် ဝင်လာကြခြင်းတောင် ဝင်ချင်တိုင်းဝင်၍မရကြောင်း၊ အသက် ၁၈ နှစ်ပြည့်မှ၊ ကျန်းမာကြံ့ခိုင်မှ၊ ရာဇဝတ်မှု စသည့် အမှုအခင်းကင်းရှင်းမှ၊ ဥပဒေ၊ နည်းဥပဒေ စည်းမျဉ်းစည်းကမ်းဖြင့် ညီညွတ်မှ လက်ခံခြင်းဖြစ်ကြောင်း။

စာမျက်နှာ ၉ ကော်လံ ၁ သို့

တိုင်းချစ်ပြည်ချစ်၊ မျိုးချစ်စိတ်စွမ်းပကားများဖြင့် ရင်ဆိုင်ဟန့်တားကျော်လွှား

- ❒ **အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့သည် မြန်မာနိုင်ငံအပေါ် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး စသည်များကို အမျိုးမျိုးပုံဖော်ပြီး ဖိအားပေးလာဦးမည် ဖြစ်ကြောင်း၊ Armed Conflict, Child Soldier စသည့် ကိစ္စများဖြင့် စွပ်စွဲပြီး မိမိတို့၏ ပြည်တွင်းရေးကို နည်းမျိုးစုံသုံးပြီး ဝင်ရောက်စွက်ဖက်နိုင်အောင် ကြိုးပမ်းလုပ်ဆောင်လာဦးမည်ဖြစ်။**
- ❒ **ပြည်တွင်း ပြည်ပ၌ရှိနေသည့် ပြည်ပအားကိုး အမျိုးသားသစ္စာဖောက်များကလည်း တိုင်းပြည်ပျက်ရင် ပျက်ပါစေ၊ အာဏာရရင်ပြီးရောဆိုသည့် အတ္တစွဲများဖြင့် နယ်ချဲ့လက်သစ်များကို လက်ယပ်ခေါ်နေကြသည့်အတွက် ဤအန္တရာယ်များကို သတိတရား လက်ကိုင်ထားပြီး ပြည်သူများ၏ စည်းလုံးညီညွတ်သည့် အင်အား၊ တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်စွမ်းပကားများဖြင့် ရင်ဆိုင်ဟန့်တား ကျော်လွှားကြရမည်ဖြစ်။**

2-2 (03) 1 2/2/07, 2:56 PM

တရုတ်နိုင်ငံရှန်ဒေါင်းပြည်နယ်ရှိ ရှန်ဂီလ်ရေနံ တူးဖော်ရေးလုပ်ငန်းခွင် တစ်နေရာကို ဇန်နဝါရီ ၃၀ ရက်က တွေ့ရစဉ်။

(အဆိုပါ ရေနံတူးဖော်ရေးလုပ်ငန်းသည် တရုတ်နိုင်ငံ၏ ဒုတိယအကြီးဆုံး ရေနံတူးဖော်ရရှိရာ နေရာဖြစ်ကြောင်း သိရသည်။) **(ဓာတ်ပုံ-အင်တာနက်)**

တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ခြင်းဖြင့် အီရတ်ပြဿနာကို မဖြေရှင်းနိုင် သံတမန်နည်းလမ်းဖြင့်သာ ဆောင်ရွက်သင့် ဘုရှ်၏အစီအစဉ်အား ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဝေဖန်

ပါရီ ဖေဖော်ဝါရီ ၁

အီရတ်သို့ နိုင်ငံခြားတပ်ဖွဲ့ဝင်များ တိုးမြှင့်စေလွှတ်ခြင်းဖြင့် အီရတ်နိုင်ငံ၏ ဘေးဒုက္ခများကို ဖြေရှင်းနိုင်မည်မဟုတ်ကြောင်း၊ သံတမန်နည်းလမ်း၊ နိုင်ငံရေးနည်းလမ်းများဖြင့် ဖြေရှင်းရန်လိုအပ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဖိလစ်ပီဒေါစတီဂလက်ဇီက ဇန်နဝါရီ ၃၀ ရက်က ဝေဖန်ပြောကြားလိုက်သည်။

အီရတ်တွင် မငြိမ်မသက်ဖြစ်နေမှုများနှင့် တိုက်ခိုက်မှုများကို ဖြေရှင်းရန် အမေရိကန်သမ္မတဘုရှ်၏ တပ်ဖွဲ့ဝင် ၂၁၅၀၀ ကို ထပ်မံစေလွှတ်ရန် စီစဉ်နေမှုနှင့်ပတ်သက်၍ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားလိုက်ခြင်းဖြစ်သည်။

မဖြေရှင်းနိုင်

အီရတ်ပြဿနာသည် အင်အားတိုးမြှင့်အသုံးပြုခြင်းဖြင့် မဖြေရှင်းနိုင်ကြောင်း၊ ယင်းမှာ အီရတ်ဆိုင်ရာမူဝါဒသစ်၏ အခြေခံအချက်တစ်ချက် မဖြစ်သင့်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်ဟု လီမွန်ဒေနေ့စဉ်ထုတ် သတင်းစာ၌ ဇန်နဝါရီ ၃၀ ရက်က ဖော်ပြသည်။

အီရတ်ပြဿနာ၏ တစ်ခုတည်းသော အဖြေမှာ နိုင်ငံရေးနည်းလမ်း တစ်ခုတည်းသာ ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။ ပြင်သစ်နိုင်ငံသည် ၂၀၀၃ ခုနှစ်က အမေရိကန်တို့ ကျူးကျော်ဆင်နွှဲခဲ့သည့် အီရတ်စစ်ပွဲ စတင်ကတည်းက ဦးဆောင် ကန့်ကွက်ခဲ့သည့် နိုင်ငံဖြစ်သည်။

အမ်အင်န်အေ၊ ရိုက်တာ

ကျူးဘားအား ၄၄ နှစ်ကြာ အမေရိကန်၏ပိတ်ပင်မှု မျိုးဖြုတ်သတ်ဖြတ်သည့် လုပ်ရပ်ဖြစ်ဟုဆို

ဟာဗားနား ဖေဖော်ဝါရီ ၁

ကျူးဘားနိုင်ငံအား အမေရိကန်ပြည်ထောင်စု၏ ၄၄ နှစ်ကြာ တားမြစ်ပိတ်ပင်မှုကို ကျူးဘားနိုင်ငံက ဇန်နဝါရီ ၂၉ ရက်တွင် ထပ်မံကန့်ကွက်လိုက်ကြောင်း ကျူးဘားနိုင်ငံထုတ် ထရာဘာဂျာဒိုရက်စ် သတင်းစာက ဖော်ပြလိုက်သည်။

ထိုကဲ့သို့ တားမြစ်ပိတ်ပင်ထားခြင်းသည် စစ်ဆင်ပြီးမျိုးဖြုတ် သတ်ဖြတ်သည့်လုပ်ရပ်တစ်ခုပင်ဖြစ်ကြောင်း ကျူးဘားနိုင်ငံတကာဥပဒေ အသင်းဥက္ကဋ္ဌ အော်ဂါမီရန်ဒါက ပြောကြားလိုက်သည်။

ထိုသို့ တားမြစ်ပိတ်ပင်ရစေရန် ကျူးဘားနိုင်ငံသည် ကမ္ဘာ့အနောက်ခြမ်း၏ လုံခြုံရေးကို ခြိမ်းခြောက်အန္တရာယ် ပြုနေပါသည်ဟူသော အမေရိကန်တို့၏ ပြောဆိုဆင်ခြေပေးမှုမှာ မဟုတ်မမှန်လိမ်လည်မှုများသာ ဖြစ်ကြောင်း အော်ဂါမီရန်ဒါက ပြောကြားသည်။

ရိုက်ချိုးပစ်

အမေရိကန်တို့၏ တားမြစ်ပိတ်ပင်မှု၏ နောက်ကွယ်မှ တကယ့်အကြောင်းရင်းမှာ ကျူးဘားနိုင်ငံအနေဖြင့် အမေရိကန်နယ်ချဲ့၏ မဟာဗျူဟာကို ရိုက်ချိုးပစ်၍ဖြစ်ကြောင်း အော်ဂါမီရန်ဒါက ရှင်းလင်းပြောဆိုသည်။

ပိတ်ပင်ခဲ့

အမေရိကန်အစိုးရသည် ကျူးဘားနိုင်ငံအား ၁၉၆၂ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်နေ့ကစ၍ပိတ်ပင်ခဲ့သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဘဂ္ဂဒက်ရှိ အစိမ်းရောင်နယ်မြေအတွင်း ဒုံးကျည်ဖြင့် ပစ်ခတ်

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁

ဘဂ္ဂဒက်မြို့ရှိ နိုင်ငံတကာ အစိမ်းရောင်နယ်မြေအတွင်းသို့ ဇန်နဝါရီ ၂၇ ရက်က ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အမေရိကန်သံရုံးဝင်းအတွင်းသို့ ကျရောက်ခဲ့ကြောင်းသိရသည်။

အစိမ်းရောင်နယ်မြေ အတွင်းသို့ ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ လူနှစ်ဦးဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း၊ ဒုံးကျည်ကျရောက်ခဲ့သည့်နေရာမှာ အစိမ်းရောင်နယ်မြေအတွင်းရှိ အမေရိကန်သံရုံးဝင်းအတွင်း ကျရောက်ခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

သို့သော် အမေရိကန်စစ်ဘက်က ယင်းကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ပြောကြားခြင်း မရှိချေ။ ယခုသီတင်းပတ် အစောပိုင်းကလည်း ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လူခြောက်ဦးဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ ရိုက်တာ

မလေးရှားနိုင်ငံ ပူထရာဂျာရာပြည်နယ်တွင် ပန်းများဖြင့် အလှဆင်ထားသည့် ကားတစ်စီးကို ဇန်နဝါရီ ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သစ်သီးဖျော်ရည်သောက်သုံးခြင်း ကင်ဆာနှင့် ကျောက်ကပ်ရောဂါသက်သာနိုင်

ဝါရှင်တန် ဖေဖော်ဝါရီ ၁

သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ဖျော်ရည်များသည် ရောဂါဘယများ ဖြစ်ပွားရခြင်းမှ ပျောက်ကင်းသက်သာစေရန် အထောက်အကူပေးနိုင်ကြောင်း နိုင်ငံတကာ အစားအစာသိပ္ပံ နှင့် အာဟာရဂျာနယ်တွင် ရေးသားဖော်ပြထားသည်။

အထောက်အကူဖြစ်

သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကို စားသုံးခြင်းထက် ဖျော်ရည်ကို သောက်သုံးခြင်းမှာ ကင်ဆာနှင့်ကျောက်ကပ်ရောဂါ ဖြစ်ပွားခြင်းမှ လျော့ကျရာတွင် ရာနှုန်းပြည့် အထောက်အကူဖြစ်စေကြောင်း အဆိုပါ လေ့လာချက်တွင် ဖော်ပြထားသည်။

လေ့လာတင်ပြ

အထက်ပါ အချက်ကို ဗြိတိသျှ သုတေသနအဖွဲ့က သုံးသပ်လေ့လာတင်ပြထားခြင်း ဖြစ်သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

၂၀၀၆ ခုနှစ်အတွင်း အာရှဒေသတွင် သဘာဝဘေးကြောင့် သေဆုံးသူများပြားခဲ့

ဂျီနီဗာ ဖေဖော်ဝါရီ ၁

အာရှဒေသတွင် ၂၀၀၆ခုနှစ် တတိယလေးလပတ်အထိ သဘာဝဘေးအန္တရာယ်ကြောင့် လူပေါင်း ၂၁၀၀၀ကျော် သေဆုံးခဲ့ရရာ ၂၀၀၆ ခုနှစ်အတွက် ကမ္ဘာပေါ်တွင် သဘာဝဘေးအန္တရာယ်အဖြစ်ဆုံးဒေသ ဖြစ်လာခဲ့ကြောင်း ကုလသမဂ္ဂက ဇန်နဝါရီ ၃၀ ရက်၌ သတင်းထုတ်ပြန်သည်။

အာရှနိုင်ငံများ၌ ၂၀၀၆ခုနှစ်တွင် မြေငလျင်လှုပ်မှု၊ မုန်တိုင်းတိုက်ခတ်မှု၊ မြေပြိုမှု၊ ဒီရေလှိုင်းများနှင့် ရေလွှမ်းမှုများကဲ့သို့သော သဘာဝဘေးအန္တရာယ်များ အများဆုံးကြုံတွေ့ခဲ့ရကြောင်း ကုလသမဂ္ဂ၏ သဘာဝဘေးအန္တရာယ်လျော့ပါးရေးအေဂျင်စီ (အိုင်အက်စ်ဒီအာ)နှင့် ဘယ်လ်ဂျီယံအခြေစိုက် သုတေသနဌာန စီအာအီးဒီတို့က ညှိနှိုင်းထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြသည်။

ဥရောပ

ဥရောပတွင်မူ ၂၀၀၆ခုနှစ်၌ တစ်ကမ္ဘာလုံးဆိုင်ရာ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုကြောင့် သေဆုံးရမှုမှာ ၅ ရာခိုင်နှုန်းမှ ၁၅ရာခိုင်နှုန်းအထိသာရှိကြောင်း အဆိုပါ အစီရင်ခံစာ၌ ဖော်ပြသည်။

အပူချိန်မြင့်တက်

သို့သော် ပြီးခဲ့သည့်နှစ်က အာရှနိုင်ငံများတွင် အပူချိန်မဆိုသလောက် မြင့်တက်ခဲ့သော်လည်း ဥရောပအချို့ ဒေသများတွင် ဆိုးဆိုးရွားရွားအပူချိန် မြင့်တက်ခဲ့သည်ဟုလည်း စီအာအီးဒီမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒီဘာရာလီဂူဟာစပီရာက ပြောကြားသည်။ **အမ်အင်န်အေ၊ ရိုက်တာ**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အတွင်း ကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၂၉ ရက်က တွေ့ရစဉ်။

(အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုကြောင့် အီရတ်တစ်ဦး သေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားကြောင်း သိရသည်။) **(ဓာတ်ပုံ-အင်တာနက်)**

ပိုစတာများ ကိုင်ဆောင် ဆန္ဒပြ

ရန်ကုန်မြို့ ကုန်သည်လမ်းရှိ အမေရိကန်သံရုံးရှေ့၌ မြန်မာနိုင်ငံအပေါ် အမေရိကန် အစိုးရနှင့် ဗြိတိန်အစိုးရတို့၏ ဗိုလ်ကျစိုးမိုးရေးလုပ်ရပ်ကို ဆန့်ကျင် ကန့်ကွက်ရှုတ်ချသည့် ပိုစတာများ ကိုင်ဆောင်၍ ဆန္ဒပြနေကြသည်ကို တွေ့ရစဉ်။

❍ *ကျောဖုံးမှ*

☆ **ဆန္ဒပြသူများ ရေးသားဖော်ပြထားသည့် ကြွေးကြော်သံများနှင့် သဘောထားကြေညာချက်များက နိုင်ငံတော်၏မူဝါဒများ၊ ပြည်သူလူထု၏ ဆန္ဒသဘောထားများနှင့် ကွဲပြားခြားနားမှုမရှိဘဲ တစ်စိတ်တည်းတစ်ဝမ်းတည်းရှိနေမှုကို ထင်ဟပ်လျက်ရှိကြောင်း၊**

☆ **မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ထိပါးနှောင့်ယှက်ခြင်းမရှိဘဲ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး မူဘောင်အတွင်း ငြိမ်းချမ်းစွာဆန္ဒပြခြင်းဖြစ်၍ အမျိုးသားရေးအကျိုးစီးပွားဘက်မှ ရပ်တည်နေသူတိုင်း ကြိုဆိုထောက်ခံအားပေးရမည့် အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်ပင်ဖြစ်ကြောင်း၊**

☆ **ယင်းသို့ အပြုသဘောမဟုတ်ဘဲ ပြည်သူလူထု၏ ဆန္ဒသဘောထားနှင့် ဆန့်ကျင်၍လည်းကောင်း၊ အမျိုးသားရေး အကျိုးစီးပွားနှင့် ဆန့်ကျင်၍လည်းကောင်း အဖျက်သဘောဖြင့် လုပ်ဆောင်လာမှုများကိုမူ လက်ခံနိုင်မည် မဟုတ်ကြောင်း၊**

☆ **ယခုလုပ်ရပ်များမှာ ပြည်သူလူထုက သည်းမခံနိုင်တော့သဖြင့် မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ် ပြည်ချစ်စိတ်ဓာတ် ပြင်းပြထက်သန်မှုကို ဖော်ပြလိုက်ခြင်းဖြစ်ကြောင်း၊ အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့၏ တစ်ဖက်စောင်းနင်း လုပ်ရပ်များကို အခုလို တုံ့ပြန်နိုင်မှ တန်ကာကျမှာဖြစ်ကြောင်း။**

✻ *ကျောဖုံးမှ*

ထို့အပြင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အမည်ခံထားသော CRPP သည် တရားဝင်အဖွဲ့အစည်းတစ်ရပ် မဟုတ်ကြောင်းနှင့် CRPP တွင် ၎င်းတို့နာမည်ခံ ထည့်သွင်းဖွဲ့စည်းထားသော တိုင်းရင်းသားပါတီ အများစုမှာလည်း တရားဝင် ပယ်ဖျက်ခြင်းခံထားရသော ယခင် နိုင်ငံရေးပါတီများ ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ CRPP က ဦးဆောင်ကျင်းပမည့် အခမ်းအနားတွင် အဆိုပါအဖွဲ့များ၊ ဖော်ပြပါပုဂ္ဂိုလ်များ တွေ့ဆုံပူးပေါင်းပြီး ပြည်တွင်းနိုင်ငံရေး ဆန့်ကျင်လှုပ်ရှားမှုအဖြစ် ကြေညာချက်တစ်ရပ် ထုတ်ပြန်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

သို့ဖြစ်၍ အများပြည်သူတို့က CRPP ဦးဆောင်ပြီး လှုပ်ရှားမှုပြုလုပ်လာခြင်းနှင့် စပ်လျဉ်း၍–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ တင်သွင်းသော အဆိုပြုချက်မူကြမ်း ပယ်ချခံရခြင်းနှင့် ကွင်းဆက်သဖွယ်ဖြစ်နေကြောင်း၊

ထို့အတူ ပြည်တွင်းပြည်ပအဖျက်သမားများနှင့် ပြည်ပြေးများက မြန်မာနိုင်ငံအတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများ၊ အဖျက်အမှောင့်လုပ်ရပ်များ ပိုမိုအရှိန်တိုးမြှင့်လုပ်ဆောင်ရန် ကြိုးပမ်းအားထုတ်နေသည့် စီမံလုပ်ဆောင်ချက်နှင့်လည်း ကွင်းဆက်သဖွယ်ဖြစ်နေကြောင်း၊

ထို့ကြောင့် CRPP နှင့် အပေါင်းအပါများ ၁၂-၂-၂၀၀၇ ရက်နေ့တွင် NLD ဌာနချုပ်၌ ပူးပေါင်းကျင်းပမည့် ထိုအခမ်းအနားသည် ပြည်တွင်းပြည်ပ၊ မြေပေါ်မြေအောက်နှင့် ပြည်ပြေးအဖျက်သမားများက မြန်မာနိုင်ငံနှင့် ပြည်သူလူထုအပေါ် လုပ်ကြံကျူးလွန်နေသည့် အကြမ်းဖက် အဖျက်အမှောင့်လုပ်ရပ်များနှင့်လည်းကောင်း၊ ကိုလိုနီနယ်ချဲ့လက်သစ်များက မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေသည့် လုပ်ရပ်များနှင့်လည်းကောင်း ကြောင်းကျိုးဆက်စပ်ပတ်သက်နေသည်ကို တွေ့ရှိရကြောင်း

စသည်ဖြင့် ဝေဖန်သုံးသပ်ရှုမြင် ပြောကြားလျက်ရှိကြသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

ဂျိမ်းဘော့စ်အဲင့်ဘတ်နှင့် ပြည်ပဆန့်ကျင်ဘက်အဖွဲ့များက ပံ့ပိုးပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထို့အပြင် ဇန်နဝါရီ ၂၃ ရက်နေ့၌လည်း ABSDF ၏ အစီအစဉ်ဖြင့် ဖောက်ခွဲရေးသမား ခုနစ်ဦးအား သုံးသုတ်ခွဲပြီး ရန်ကုန်မြို့သို့ စေလွှတ်လိုက်ကြောင်း၊ ပထမအသုတ်တွင် ဝင်းအောင်နိုင်၊ မေဉမ္မာမြင့်နှင့် ရီနွတ်(ခ)မြင့်လေးအောင်၊ ဒုတိယအသုတ်တွင် စောမိုက်ကယ်(ခ)တင်ဦးနှင့် ဝင်းဝင်းချို၊ တတိယအသုတ်တွင် ဇော်ဇော်နှင့် အခြားတစ်ဦးတို့ပါဝင်ကြောင်း ဆက်စပ်သတင်းများ ရရှိခဲ့သည်။

နိုင်ငံတော်က အဆိုပါ ပြည်တွင်းပြည်ပအဖျက်သမားများ၏ အကြမ်းဖက် အဖျက်အမှောင့်လုပ်ရပ်များကို တားဆီးချေမှုန်းနိုင်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိရာ အများပြည်သူတို့အနေဖြင့် လုံခြုံရေးသတိထားရှိကြရန်နှင့် အကြမ်းဖက် အဖျက်အမှောင့်သမားများ၏ လှုပ်ရှားမှုကို ဖော်ထုတ်ပြီး တာဝန်ရှိသူများထံ သတင်းပေးပို့ခြင်းဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

ဒူးခေါင်း ခွဲစိတ်ခံထားရသူများ ဆရာဝန်ကြီးများနှင့် ပြန်လည်စစ်ဆေးသင့်

ဒူးခေါင်း ခွဲစိတ်ကုသမှုခံယူပြီးသော ဝေဒနာရှင်များအနေဖြင့် ကျွမ်းကျင်သော ဆရာဝန်ကြီးများ၏ ပြန်လည်စစ်ဆေးကုသမှုကို ခံယူသင့်ကြောင်း၊ သို့မဟုတ်ပါက ပိုမိုဆိုးရွားသော ဝေဒနာခံစားရမှုများနှင့်ကြုံတွေ့ရနိုင်ကြောင်း ဝေလ သုတေသနပညာရှင် ခရစ်စတင်းမီးလ်က သတိပေးလိုက်သည်။

ဒူးဒဏ်ရာ ခွဲစိတ်ကုသမှုခံယူခဲ့ကြသော ဝေဒနာရှင် ၆၈၃ ဦးအား လေ့လာသုတေသနပြုခဲ့ရာ ဆေးရုံများ၌ ကျွမ်းကျင်သော ဆရာဝန်ကြီးများ၏ ပြန်လည်စစ်ဆေးကုသမှုများကို ပြန်မလုပ်ကြသူများအနေဖြင့် အသစ်တစ်ဖန် ခွဲစိတ်ကုသမှုပြုလုပ်ခဲ့ကြရသည်ဟု ၎င်းကပြောကြားသည်။

ဒူးခေါင်း ခွဲစိတ်ကုသပြီးနောက်ပိုင်း လှုပ်ရှားမှုတင်းကျပ်ခြင်း၊ သက်သောင့်သက်သာ သွားလာနေထိုင်ရမှု မရှိခြင်းတို့ဖြစ်ပွားလာပါက ချက်ချင်း ဆရာဝန်များနှင့် ပြန်လည်ပြသကုသမှု ခံယူသင့်သည်ဟု ဝေလ သုတေသနပညာရှင် ခရစ်စတင်းမီးလ်က ဆက်လက်ပြောကြားသည်။

အချို့ ဒူးခေါင်းဝေဒနာရှင်များအနေဖြင့် ခွဲစိတ်ကုသမှုခံယူပြီးနောက် ဆရာဝန်ကြီးများနှင့် ပြန်လည်ပြသရန်ခက်ခဲသော နေရာဒေသဖြစ်ပါက အကြောင်းကြားစာများ၊ တယ်လီဖုန်းများဖြင့် ဆက်သွယ်သင့်ကြောင်းလည်း ၎င်းက သတိပေး ပြောကြားထားသည်။ **(အင်တာနက်)**

အင်တာနက် သတင်းနှင့်ဓာတ်ပုံ



ကံထူးရှင်ရွေးချယ်

ရန်ကုန် ဖေဖော်ဝါရီ ၁

(၂၁၇)ကြိမ်မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်–

ကျပ်သိန်း(၅၀၀)ဆု

ဃ-၈၆၇၀၅၃

ကျပ်သိန်း(၃၀၀)ဆုများ

က-၁၂၀၄၅၀၊ ဘ-၁၇၀၂၅၀

ကျပ်သိန်း(၂၀၀)ဆုများ

ဃ-၂၀၈၃၆၅၊ လ-၆၆၀၂၃၉
ဈ-၄၁၂၁၆၄၊ ပ-၅၈၇၉၉၅

ကျပ်သိန်း(၁၀၀)ဆုများ

ဂ-၆၂၀၀၅၅၊ ဟ-၄၂၁၇၃၁
င-၄၇၃၀၀၀၊ ဓ-၈၈၈၅၆၄
င-၄၅၀၂၇၄၊ ဖ-၅၈၀၆၀၃
လ-၇၇၉၈၈၅၊ မ-၅၈၀၇၈၅
ရ-၃၂၀၅၄၅၊ က-၈၃၀၅၀၂
က-၁၄၇၀၉၁၊ ဠ-၇၃၁၆၅၈
ဓ-၂၈၀၃၉၄၊ ဃ-၂၃၆၉၂၃
စ-၇၄၇၆၃၂

ကျပ်သိန်း(၁၀၀)(မင်္ဂလာစုံတွဲစနစ်)

ဆုမဲများ

ရ-၉၅၁၉၅၈၊ ရ-၅၅၅၄၄၁
ဍ-၂၅၀၃၉၅၊ င-၈၅၁၈၃၇
ဝ-၉၅၁၆၃၃၊ ဖ-၂၁၁၉၉၉
ည-၁၈၈၅၂၄၊ သ-၄၅၆၈၆၁
လ-၇၁၃၁၆၂၊ စ-၇၇၀၅၆၇
ဝ-၃၅၀၃၀၆၊ ဍ-၁၄၀၂၆၈
န-၁၉၃၃၂၁၊ န-၂၃၃၇၆၀
ဆ-၇၅၈၆၃၉၊ ဘ-၂၀၇၀၅၇
ဘ-၇၇၃၆၅၄

မြန်မာ့ရုပ်မြင်သံကြား

၂-၂-၂၀၀၇ ရက်
(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
၈:၁၀ ၆။ အကပြိုင်ပွဲ
၈:၂၀ ၇။ ကြေးမုံရိပ်သွင် တေးနယဉ်
၈:၃၀ ၈။ International News
၈:၄၅ ၉။ English for Everyday Use.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရက္ခဗေဒအထူးပြု) [ရက္ခဗေဒ]
၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၁၅ ၆။ မြန်မာစာ မြန်မာစကား
၁၇:၂၅ ၇။ **"မနိုင်သောအရှုံး"** ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည် (ဒါရိုက်တာ–အေဝမ်းမောင်လှမျိုး)
၁၇:၃၅ ၈။ နှောင်းခေတ် တေးပဒေသာ
၁၇:၅၀ ၉။ နယ်ချဲ့လက်သစ်၏ အသုံးတော်ခံဘဝ ရောက်နေရသည့် နိုဘယ်လ်ဆု(အပိုင်း–၁)
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း–၁၉)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အကြင်နာရွှေဦး"** (အပိုင်း–၉)
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

စစ်ကိုင်းတိုင်း မုံရွာမြို့နယ် မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာ ရုပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အထက်ဥပနာတော်သွင်း မဟာမင်္ဂလာကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁

စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ခတက္ကန်ကျေးရွာ မဟာဗောဓိတစ်ထောင်ကျောင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒ၏ သက်တော်(၇၆)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်နှင့် မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာရုပ်တော်မူဘုရားကြီး အထက်ဥပနာတော်သွင်း မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီတွင် မုံရွာမြို့နယ် ခတက္ကန်ကျေးရွာရှိ ရုပ်တော်မူမြတ်စွာဘုရားကြီး ခြေတော်ရင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တက်ရောက်၍ ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အထက်ဥပနာတော်၌ ဥပနာတော်များ ထည့်သွင်းပူဇော်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုတို့က လှူဒါန်းသည့် ရုပ်ပွားတော်များနှင့် မဟာဗောဓိရွှေညောင်ပင်တို့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မုံရွာမြို့နယ် မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာ ရုပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ညပိုင်းတွင် မီးရှူး မီးပန်းများ ပစ်ဖောက်၍ ပူဇော်စဉ်။ (သတင်းစဉ်)

တက်ရောက်ကြည်ညို

အဆိုပါဥပနာတော်သွင်း မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ မုံရွာမြို့ မဟာဇောတိကာရာမကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိန္ဒအမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်း၊ စစ်ကိုင်းတပ်နယ်မှ ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ စစ်ကိုင်း တပ်နယ်နှင့် မုံရွာတပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အလှူရှင်များ၊ ဆရာတော်ကြီး၏ ဒါယကာ၊ ဒါယိကာမများနှင့် ဒေသခံပြည်သူ ငါးသောင်းကျော် တက်ရောက်ကြည် ညိုကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အလှူရှင်များသည် သံဃာတော်အပါး ၁၀၀၀ နှင့် သီလရှင်အပါး ၁၀၀၀တို့အား ဆွမ်း၊ သင်္ကန်း၊ ထီး၊ ဖိနပ်၊ ဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။ ထို့နောက် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြည်ညိုကြသည့် ပရိသတ်များအား စတုဒိသာ လှူဒါန်းကျွေးမွေးကြသည်။

ငါးပါးသီလခံယူ ဆောက်တည်

ဆက်လက်၍ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် ပရိသတ်များက နိုင်ငံတော် ဩဝါဒါစရိယ မုံရွာမြို့ မဟာဇောတိကာရာမ ကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိန္ဒ ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ပရိတ်ရေ၊ ပရိတ်ချည်နှင့် ပရိတ်သဲ တို့ကို ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးများက မေတ္တာသုတ် ပရိတ်တရားတော်များကို ချီးမြှင့်တော်မူသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်နှင့် ပရိတ်သဲတို့ကိုသယ်ဆောင်၍ လေးကျွန်းစကြာ ရုပ်တော်မူ ရုပ်ပွားတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ ပက်ဖျန်းချည်နှောင်ကြသည်။

ဥပနာတော်များဆက်ကပ်

ထို့နောက် လေးကျွန်းစကြာ ရုပ်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအတွင်း ထည့်သွင်းပူဇော်မည့် ဥပနာတော်များကို ဆရာတော်ကြီးများထံ ဆက်ကပ်ကြရာ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုတို့ကလှူဒါန်းသည့် ရုပ်ပွားတော်များနှင့် မဟာဗောဓိရွှေညောင်ပင်တို့ကို ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဓာတ်တော်များကိုလည်းကောင်း၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ကျန်ရှိသည့် ဥပနာတော်ပစ္စည်းများကို လည်းကောင်း အသီးသီး ဆက်ကပ် လှူဒါန်းကြသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အများပြည်သူများ၏ လှူဒါန်းငွေ ကျပ် ၁၀သိန်းကိုလည်းကောင်း၊ ဦးတင်မောင်-ဒေါ်နန်းလှစိန်(ဟွန်ဒါမြန်မာကုမ္ပဏီ)က ငွေကျပ် သိန်း၅၀နှင့် မဟာဗောဓိတစ်ထောင်ကုန်းမြေ စိမ်းလန်းစိုပြည်ရေးအတွက် လှူဒါန်းငွေ ကျပ်သိန်း၂၀၀ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အလှူငွေများလှူဒါန်း

ဆက်လက်၍ အနောက်မြောက်တိုင်းစစ်ဌာနချုပ်က ငွေကျပ်ငါးသိန်း၊ ဦးလှမင်း-ဒေါ်ယမင်းသန့်တို့က ငွေကျပ်သိန်း၉၀၊ စင်ကာပူနိုင်ငံမှ အလှူရှင်များက ငွေကျပ်၁၂၅သိန်း၊ ဦးတင်ဝင်း(တင်ဝင်းထွန်းကုမ္ပဏီ)မိသားစုက ငွေကျပ်၁၇၆၆၅၀၀၊ မန္တလေးမြို့မှ ဦးကြင်အေး-ဒေါ်ကင်အီးမိသားစုက ငွေကျပ်၂၅သိန်း၊ မူဆယ်မြို့မှ ဦးဌေးဦး-ဒေါ်ကြူကြူမြင့်(ရွှေချမ်းသာဒေါင်းမင်းကုမ္ပဏီ) မိသားစုက ငွေကျပ်သိန်း ၂၀၊ ရွှေသံလွင်ကုမ္ပဏီက ငွေကျပ်သိန်း ၃၀၊ မြင်းခြံမြို့မှ ဦးခင်မောင်ဇင်-ဒေါ်အေးအေးမော် မိသားစုက ငွေကျပ်သိန်း ၂၀၊ ဦးသိန်းမြင့်-ဒေါ်မြင့်မြင့်သိန်း ရတနာမိသားစုက ငွေကျပ် ၁၂သိန်း၊ မန္တလေးမြို့မှ အလှူရှင်များကငွေကျပ် ၆၅၀၀၀၀၊ ရန်ကုန်မြို့မှ ဒေါက်တာဝင်းနိုင်-ဒေါ်နီလာ၊ သားစောပြည့်ဝင်းနိုင်တို့က ငွေကျပ်၁၀သိန်း၊ စုစုပေါင်း ငွေကျပ်သိန်း ခုနစ်ရာ ခုနစ်သောင်း ခြောက်ထောင်ခြောက်ရာတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးဗိုလ်ချုပ်သာအေး၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက အသီးသီး လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်မိသားစုတို့လှူဒါန်းသည့် ရုပ်ပွားတော်များနှင့် မဟာဗောဓိရွှေညောင်ပင်တို့ကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများက ဓာတ်တော် မွေတော်များ၊ ဗုဒ္ဓဆင်းတုတော်များနှင့် ဥပနာသွင်းလှူပူဇော်မည့် လက်ဝတ်ရတနာများကိုလည်းကောင်း ဒေဝါဝင်း၊ ရာဇာဝင်းများဦးဆောင်၍ ဥပါသကာများခြံရံလျက် မင်္ဂလာမဏ္ဍပ်မှ လေးကျွန်းစကြာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ခြေတော်ရင်းသို့ ပင့်ဆောင်ကြကာ ရုပ်တော်မူရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ် တစ်ပတ် လှည့်လည်အပူဇော်ခံကြပြီး ဥပနာတော်သွင်းလှူမည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ၃၁ထပ်မြောက်သို့ ပင့်ဆောင်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာ ရုပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဦးခေါင်းတော်အတွင်းရှိ အထက်ဥပနာတိုက်၌ ဥပနာတော်များကို ထည့်သွင်းပူဇော်စဉ်။ (သတင်းစဉ်)

ထည့်သွင်းပူဇော်

ယင်းနောက် ဗောဓိတစ်ထောင်ကျောင်းတိုက်မှ နာယကဆရာတော် ငါးပါးဦးဆောင်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်တင်မောင်အုန်းတို့က ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဦးခေါင်းတော်အတွင်းရှိ အထက်ဥပနာတိုက်၌ ဥပနာတော်များကို ထည့်သွင်းပူဇော်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

ထိုအချိန်တွင် ဆရာတော် သံဃာတော်များက ဇယမင်္ဂလာဗောဓိယာမူလေအစရှိသော အောင်ဂါထာကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ရွှေမိုးငွေမိုးရွာသွန်း

ယင်းနောက် ဥပနာတော်သွင်း မဟာမင်္ဂလာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်ပြီး ဥပနာတော်သွင်း မင်္ဂလာအောင်မြင်ခြင်း အထိမ်းအမှတ် ရတနာရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးကြသည်။

ယခုကျင်းပသည့် စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ခတက္ကန်ကျေးရွာ မဟာဗောဓိတစ်ထောင် သာသနာ့နယ်မြေအတွင်း တည်ထားကိုးကွယ်မည့် လေးကျွန်းစကြာ ရုပ်တော်မူဗုဒ္ဓရုပ်ပွားတော်ကြီးမှာ ခတက္ကန်ကျေးရွာအနီးရှိ ဇီးဖြူတောင်ပေါ်၌ ပြည်သူအများကြည်ညို သဒ္ဓါပွားများနိုင်ရန် မဟာဗောဓိတစ်ထောင်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒက တည်ထားခဲ့ခြင်းဖြစ်ပြီး ဉာဏ်တော် ပေ ၃၈၀၊ ပလ္လင်တော် ၄၄ပေ၊ဉာဏ်တော်အမြင့်စုစုပေါင်း ၄၂၄ ပေရှိကြောင်း သိရသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ဘဝနတ်ထံပျံလွန်တော်မူခဲ့သည့် မဟာဗောဓိတစ်ထောင်ကျောင်း ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အရိုးပြာ ထည့်သွင်း ဌာပနာထားသည့် အရိုးအိုးစေတီတော်သို့ သွားရောက်၍ ဖူးမြော်ကြည်ညို ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် ဆရာတော်ထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

တက်ရောက်ကြည်ညို

အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်သို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ နိုင်ငံတော် ဝိနည်းဓိုရ်ဆရာတော်ကြီးများ၊ ရန်ကုန်တိုင်း ကျောင်းထိုင်ဘုန်းတော်ကြီးသင်တန်းကျောင်းမှ ဆရာတော်ကြီးများ၊ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အပါအဝင် ဆရာတော် ၄၅ ပါးတို့ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ကာကွယ်ရေးဦးစီးချုပ်(လေ)တို့၏ ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၏ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းနှင့် ဇနီး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ရန်ကုန်မြို့တော်ဝန်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မင်းဓမ္မကုန်းတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘာသာရေး၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်သည် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆွမ်း၊ ခဲဖွယ်ဘောဇဉ်များဖြင့် ဆက်ကပ်လှူဒါန်းပူဇော် ဖူးမြော်ကန်တော့သည်။

ဖတ်ကြားလျှောက်ထား

ထို့နောက် ရေစက်ချမင်္ဂလာ အခမ်းအနားကို နံနက် ၇နာရီခွဲတွင် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူသည့် ဂန္ဓကုဋိကျောင်းတော်ကြီး၌ကျင်းပရာ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ရှေးဦးစွာ အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် ရေစက်ချမင်္ဂလာအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်အမှူးပြုသော ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော် အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၈ ကော်လံ ၁

ကြည့်ရှုလေ့လာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ လောကချမ်းသာ အဘယလာဘမုနိ မော်ကွန်းပြတိုက်အတွင်း ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ပိန္နဲပင်စိုက်ပျိုး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ဆဋ္ဌအကြိမ် ဗုဒ္ဓပူဇနိယ မင်္ဂလာအခမ်းအနားအထိမ်းအမှတ်အဖြစ် ပိန္နဲပင်ကိုစိုက်ပျိုးစဉ်။

(သတင်းစဉ်)

ငွေပေါ်ကျွန်း ဗုဒ္ဓဒူတရွှေတဂူ သစ္စာအဓိဋ္ဌာန် ငါးရက်တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၁

ဗုဒ္ဓအလိုတော်ကျ သာသနာပြန့်ပွားရေး မိုးကုတ်ဆရာတော်ကြီး၊ မဟာစည်ဆရာတော်ကြီး၊ သဲအင်းဂူဆရာတော်ကြီး၊ လယ်တီဆရာတော်ကြီးများအား ကျေးဇူးပြု၊ ကျေးဇူးဆပ်သောအားဖြင့် စတုတ္ထအကြိမ် သာသနာပြန့်ပွား သစ္စာအဓိဋ္ဌာန်ဝိပဿနာကမ္မဋ္ဌာန်း တရားနာပွားအားထုတ်ပွဲကို ဖေဖော်ဝါရီ ၁၈ရက်(တနင်္ဂနွေနေ့)မှ၂၂ရက် (ကြာသပတေးနေ့) အထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ၁၇ရက် (စနေနေ့)အရောက် လာရောက်ကြရမည်ဖြစ်သည်။

ငွေပေါ်ကျွန်း ဗုဒ္ဓဒူတ တောင်စွန်းရွှေတဂူ ဆရာတော် တရားစခန်းပွဲများနှင့် ဓမ္မပူဇာပွဲများ ဟောကြားပေးမည်ဖြစ်သည်။ ဝိပဿနာတရားတိုက် မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ် (၁)ရပ်ကွက် အနော်ရထာလမ်းမကြီး ဝေဘာဂီလမ်းမ (ရွှေတဝဂူဝိပဿနာ တရားတိုက်)သို့ ဆက်သွယ်လိုပါက ဦးတင်ရီ မလွန်ကုန်းလမ်း အမှတ် ၁၈ ကျောက်မြောင်း ဖုန်း- ၀၉-၅၁-၃၇၄၅၅၊ ဦးစန္ဒိမာ ဖုန်း- ၂၉၂၄၅၁ အောင်မင်္ဂလာဘုရား လယ်တီစံကျောင်း ပုဇွန်တောင်၊ ငွေဟိန်းမင်း ငွေပေါ်ကျွန်း ကြွေးကင်းရန်ပြေ အောင်ပေါင်းစုဘုရားဝင်း ဝေဘာဂီမြို့သစ် ဖုန်း-၀၉-၅၁-၈၀၈၁၁ နှင့် ဦးအောင်သာငြိမ်း (၁၂/၁၁)ရပ်ကွက် မေတ္တာလမ်းမ တောင်ဥက္ကလာပ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

မင်းကွန်းတောရဆရာတော် ရာပြည့်အကြိုပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁

ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)ရပ်ကွက် အင်းလျားမြိုင်လမ်းရှိ မင်းကွန်းတောရကျောင်းတိုက် မဟာနာယက ဆရာတော်ကြီး၏ သိက္ခာတော်(၇၉)ဝါ၊ သက်တော်(၉၈)နှစ်ပြည့် ရာပြည့်အကြိုပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈ နာရီတွင် ယင်းကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ မင်းကွန်း ပဋိပတ္တိ သာသနာနုဂ္ဂဟ အသင်းသူအသင်းသားများနှင့် တပည့်ဒါယကာ ဒါယိကာမများ စုပေါင်း၍ သံဃာတော် အရှင်မြတ် အပါး၁၀၀ အား နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

2-2 (07) 1 2/2/07, 2:56 PM

စာမျက်နှာ ၇ မှ

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီးဒေါ်ခင်လေးသက်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဩဘာသဘိဝံသထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်းက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာအောင်မြေဘုံစံ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသထံ သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

လှူဖွယ်ပစ္စည်းများဆက်ကပ်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော် အရှင်သူမြတ်များထံ သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် အမှူးပြုသော ပရိသတ်များ လှူဒါန်းမှုအစုစုတို့အတွက် ရေစက် သွန်းချ အမျှပေးဝေကြစဉ်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း ဆရာတော်ကြီးများအား ဆွမ်း၊ ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတို့ကို ဆွမ်းသပိတ်တော်များဖြင့် လောင်းလှူစဉ်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက် ဆရာတော်ကြီးများအား ဆွမ်း၊ ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတို့ကို ဆွမ်းသပိတ်တော်များဖြင့် လောင်းလှူစဉ်။
(သတင်းစဉ်)

ရေစက်သွန်းချ အမျှပေးဝေ

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဩဘာသဘိဝံသက ရေစက်ချ အနုမောဒနာတရား ချီးမြှင့်တော်မူပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီးဒေါ်ကြိုင်ကြိုင် အမှူးပြုသော ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ရေစက်ချ မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဆွမ်းသပိတ်လောင်းလှူ

ရေစက်ချမင်္ဂလာအခမ်းအနားအပြီးတွင် ဆွမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ အမှူးပြုသော ပင့်သံဃာတော် ၁၀၈ပါးတို့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်က ဦးဆောင်၍ ဆွမ်း၊ ဘောဇဉ် ချိုချဉ်ရသာအဖြာဖြာတို့ကို ဆွမ်းသပိတ်တော်များဖြင့် လောင်းလှူကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများနှင့် အဖွဲ့ဝင်များ ဆရာတော်များထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။
(သတင်းစဉ်)

အလှူရှင်များက ဆရာတော်ကြီးများအား ဆွမ်း၊ ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတို့ကို ဆွမ်းသပိတ်တော်များဖြင့် လောင်းလှူကြစဉ်။
(သတင်းစဉ်)

သီဆိုပူဇော်

ထိုအချိန်တွင် ပန်းတဉ်းတန်း ဝတ်အသင်း မင်္ဂလာစည်တော်အဖွဲ့က ဓမ္မတေးများဖြင့် သီဆိုပူဇော်ကြသည်။

လှူဖွယ်ပစ္စည်းများလောင်းလှူ

အလားတူ ရုပ်ပွားတော်မြတ်ကြီး၏ ရင်ပြင်တော်နှင့် မြောက်ဘက်စောင်းတန်းတစ်လျှောက်တို့၌ ဌာနဆိုင်ရာမိသားစုများ၊ တိုင်းဒေသကြီးနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ မိသားစုများနှင့် အလှူရှင်များက ဆရာတော် သံဃာတော် အရှင်သူမြတ်များအား ငွေကျပ်သိန်း ၂၂၀ ကျော် တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများကို လောင်းလှူကြသည်။

အောင်ဆုမင်္ဂလာ

ထို့နောက် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းကို ဖတ်ကြားသည်။

လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ထူးချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်(၃၀)ပြည့် ပုလဲရတုနှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေးပွဲ၊ သာသနာတော်ဆိုင်ရာ ဂုဏဝိသိဋ္ဌ ပူဇာပွဲ၊ အသက်(၈၀)နှင့်အထက် အသင်းဝင်များ သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် အသင်းဝင်များ၏ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ သားသမီးများအား ပညာရည်ချွန်ဆုပေးပွဲနှင့် အသင်းရုံးသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အင်းစိန်မြို့နယ် အောင်ဆန်းမြို့ စဉ့်ငူရပ်ကွက် တောရတပ်ဦး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ (မဟာကမ္မဋ္ဌာနာစရိယ)အား အမှူးထား၍ ကျင်းပမည်ဖြစ်သည်။

ပေးသွင်းလှူဒါန်းနိုင်

အသင်းဝင်များ၊ ရန်ကုန်ရောက် လေးမျက်နှာ မြို့နယ်သားများသည် ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ဖေဖော်ဝါရီ ၁၈ ရက်တွင် လေးမျက်နှာမြို့သို့ သွားရောက်ကျင်းပမည့် တစ်မြို့နယ်လုံး ကျောင်းထိုင် ဆရာတော်ကြီးများအား သင်္ကန်းနှင့် ပစ္စည်းလေးပါးကပ်လှူပွဲတွင် ပါဝင်လိုက်ပါ လှူဒါန်းလိုပါက ဦးကြီးမြင့် ဒုတိယဥက္ကဋ္ဌ ဖုန်း-၆၅၁၆၉၃၊ ဦးမောင်မောင်သွင် အတွင်းရေးမှူး ဖုန်း-၅၁၃၄၃၈၊ ဦးသောင်း ဖုန်း-၆၈၅၄၄၀၊ ၇၀၅၅၉၀၊ ဆုတစ်ခွန်းတိုက် ဖုန်း-၅၂၆၀၀၆၊ လေးမျက်နှာစံ စံသင်္ကန်းတိုက် ဟသ်ာတ ဖုန်း-၀၄၄-၂၁၈၆၅၊ ဒေါ်ခင်သန်းနွယ် ဟသ်ာတ ဖုန်း-၀၄၄-၂၁၇၇၉၊ ဒက္ခိဏာရုံကျောင်းတိုက် လေးမျက်နှာ ဖုန်း-၀၄၄-၂၂၂၂၉ တို့သို့ ဆက်သွယ် စာရင်းပေးသွင်း လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

2-2 (08) 1 2/2/07, 2:56 PM

ရေစင်သွန်းဖျန်း

ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲအပြီးတွင် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ဆင္ဌအကြိမ် ဗုဒ္ဓပူဇနိယ မင်္ဂလာ အခမ်းအနား အထိမ်းအမှတ်အဖြစ် သစ်ပင်စိုက်ပျိုးပွဲကို ဂေါပကအဖွဲ့ရုံးနှင့် မော်ကွန်းပြတိုက်ရှေ့၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်က ရတနာသုံးပါးဦးထိပ်ထားလျက် ပိန္နဲပင်၊ အုန်းပင်နှင့် သရက်ပင်တို့ကို စိုက်ပျိုးပေးပြီး ရေစင်သွန်းဖျန်းကာ နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် လောကချမ်းသာ အဘယလာဘမုနိ မော်ကွန်းတိုက်အတွင်း လှည့်လည်ပြီး မော်ကွန်းတိုက်၌ ပြသထားသည့် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ထုလုပ်ခဲ့သော စကျင်ကျောက်ထွက်ရှိရာပြ မြေပုံ၊ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား စကျင်တောင်မှ မင်းဓမ္မတောင်သို့ ပင့်ဆောင်ရာ လမ်းကြောင်းပြမြေပုံ၊ မင်းဓမ္မကုန်းတော်ပုံစံငယ်နှင့် လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး စကျင်တောင်မှ မင်းဓမ္မကုန်းတော်ပေါ်သို့ ပင့်ဆောင်မှုအဆင့်ဆင့် မှတ်တမ်းတင် ဓာတ်ပုံများကို ကြည့်ရှုလေ့လာကာ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ဆွမ်းသပိတ်တော် လောင်းလှူ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် ဆရာတော်ကြီးများအား ဆွမ်း၊ ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတို့ကို ဆွမ်းသပိတ်တော်များဖြင့် လောင်းလှူစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက် ဆရာတော်ထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း ဆရာတော်ထံ သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဝိပဿနာခုနစ်ရက်တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၁

တောင်ဥက္ကလာပမြို့နယ် ၁၄/၂ ရပ်ကွက်၊ ဇင်ယော်လမ်း၊ သဒ္ဓမ္မပါလ ဓနုဖြူတိုက်သစ်ကျောင်း၌ (၂၅)ကြိမ်မြောက် (ငွေရတု)ဝိပဿနာ ခုနစ်ရက် တရားစခန်းကို ဖေဖော်ဝါရီ၄ရက်မှ ၁၀ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် သစ္စာဒီပကဆရာကြီးဦးကြည်၏ ဥပနိဿယ အတိုင်း ကျောင်းတိုက်၏ ပဓာန နာယကကမ္မဋ္ဌာနာစရိယ အရှင်သာသန (သာသနဓဇ ဓမ္မာစရိယ)က ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်း ဝင်ရောက်ရန် စာရင်းပေးထားသော ယောဂီများ ဖေဖော်ဝါရီ ၃ ရက် ညနေ ၆ နာရီ အရောက် လာရောက်ရမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပြည်နယ်နှင့်တိုင်း စက်ဘီးစီးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

မြန်မာနိုင်ငံ စက်ဘီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ (၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တံခွန်စိုက် (အမျိုးသား၊ အမျိုးသမီး) စက်ဘီးစီးပြိုင်ပွဲကို ဖေဖော်ဝါရီ၄ရက်မှ ၁၀ရက် အထိ ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ စက်ဘီးလေ့ကျင့်ရေးကွင်း၌ ကျင်းပမည်ဖြစ်သည်။

ဖေဖော်ဝါရီ၄ရက် နံနက် ၈ နာရီတွင် ဖွင့်ပွဲအခမ်းအနား ကျင်းပပြီး ကွင်းပတ် တာတိုစက်ဘီးစီးပြိုင်ပွဲ၊ ဖေဖော်ဝါရီ၅ရက်တွင် မိုင် ၅၀ ရန်ကုန်-ပဲခူး-ရန်ကုန် တာဝေး စက်ဘီးစီးပြိုင်ပွဲ၊ ဖေဖော်ဝါရီ၆ရက်မှ ၉ရက်အထိ ကွင်းပတ် တာတို စက်ဘီးစီးပြိုင်ပွဲ၊ ဖေဖော်ဝါရီ ၁၀ရက်တွင် ကွင်းပတ်တာတို စက်ဘီးစီးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်များနှင့် ဆုပေးပွဲ အခမ်းအနားများ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၃ မှ

မိမိတို့တပ်မတော်၌ အကြောင်းအမျိုးမျိုးကြောင့် အသက် ၁၈နှစ်မပြည့်ဘဲ အသက်လိမ်ပြီး ဝင်လာကြသည့်သူများကိုပင် စစ်ဆေးတွေ့ရှိလျှင် မိဘများဆီ ပြန်ပို့ပေးကြောင်း၊ အတင်းအကျပ်စုဆောင်းလျှင်လည်း တာဝန်ရှိသည့်သူများ သိရှိသောအခါ အရေးယူ အပြစ်ပေးကြောင်း၊ မိမိတို့ကော်မတီအနေဖြင့်လည်း မိမိတို့၏ လုပ်ငန်းတာဝန်ဖြစ်သည့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး တာဝန်များကို မည်သူ၏ တိုက်တွန်းချက်မျှမစောင့်ဘဲ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မိမိ လုပ်သင့်လုပ်ထိုက်သည်များကို ဆက်လက်လုပ်ဆောင်သွားကြရန် ဖြစ်ကြောင်း မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး၊ ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေးနှင့် မိမိတို့၏ မှန်ကန်သော ဆောင်ရွက်ချက်များကို နိုင်ငံတကာက သိမြင်နားလည်ပြီး အဖျက်အမှောင့်သမားများ၏ မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုများ ပပျောက်သွားစေရေးတို့အတွက် သံတမန်ရေးကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ အလုပ်သမားရေးရာကဏ္ဍနှင့် တပ်မတော်ဆိုင်ရာကဏ္ဍ စသည့် သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့် အညီ ညွှန်ကြား၊ စစ်ဆေး၊ စီမံဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူးက ကော်မတီ၏ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

နိဂုံးချုပ်အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပုသိမ်အသင်း(ရန်ကုန်) အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ပုသိမ်အသင်း(ရန်ကုန်)၏ (၈၆) နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် အမှတ် ၂၁/၄၃(စီ) ကြားတောရလမ်း ဗဟန်းမြို့နယ် ဧရာဝတီတိုင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အသင်းဝင်အားလုံးနှင့် ရန်ကုန်ရောက် ပုသိမ်နယ်သူ နယ်သားများ တက်ရောက်ကြရန်နှင့် သက်ကြီးပူဇော်ပွဲအတွက် အသက် ၇၅ နှစ်အထက် အသင်းဝင်များသည် မှတ်ပုံတင်မိတ္တူဖြင့်လည်းကောင်း၊ ပညာရည်ချွန်ဆုအတွက် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများသည် အမှတ်စာရင်း မိတ္တူဖြင့်လည်းကောင်း ပုသိမ်အသင်း (ရန်ကုန်)သို့ ဖေဖော်ဝါရီ ၂၀ ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ စာရင်းပေးပို့ရမည်ဖြစ်သည်။ လှူဒါန်းလိုပါက ပုသိမ်အသင်း (ရန်ကုန်)ဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း-၀၉-၈၀-၂၃၃၀၇၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းအောင်လင်း ဖုန်း-၀၉-၅၀၀၃၇၀၉၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း-၀၉-၅၀၀၆၁၂၈၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၂၁၉၇၈၊ ပုသိမ်အသင်း(ရန်ကုန်) ဖုန်း-၃၇၉၂၅၈နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပန်းတစ်ပွင့်တောင်တောရ သာသနာနယ်မြေ၌ ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရ သာသနာနယ်မြေ ပဓာန နာယကချုပ် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာရက ကြီးမှူး၍ အလှူရှင်များ၏ ကောင်းမှုဖြင့် ပန်းတစ်ပွင့်တောင်ပေါ်ရှိ ဇမ္ဗူအေးဆယ့်တစ်မီးငြိမ်း စေတီတော် ရင်ပြင်တော်ပေါ်၌ တည်ထားမည့် အရံစေတီတော်များ၊ နဂါးရုံဘုရားများ ပန္နက်တော်တင် မင်္ဂလာအခမ်းအနား၊ ပန်းတစ်ပွင့်တောင် ဆရာတော်အား စုပေါင်းသိက္ခာထပ်ပွဲနှင့် စတုဒိသာ ထမန်ဲ ကျွေးမွေးလှူဒါန်းပွဲတို့ကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျောင်းတိုက်ရှိ ဓမ္မဗိမာန်၌ကျင်းပရာ ရှေးဦးစွာ ဆရာတော်ထံမှ ပရိသတ်တို့က ကိုးပါးသီလ ခံယူ ဆောက်တည်ကြပြီး ရဟန်းဒါယကာ ဒါယိကာမတို့က သိက္ခာထပ် ပရိက္ခရာအစုံကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

(အောက်ယာပုံ)

ယင်းနောက် နဂါးရုံဘုရားတစ်ဆူအတွက် အလှူငွေကျပ် ကိုးသိန်းစီတို့ကို ကွယ်လွန်သူမိဘနှစ်ပါးအား ရည်စူး၍ မရမ်းကုန်းမြို့နယ်မှ သီရိသုဓမ္မမဏိဇောတဓရ ဦးမြင့်စိုး-ဒေါ်မြမြစိုး၊ သမီး မရတနာစိုး မိသားစု၊ ဦးအောင်သန်း-ဒေါ်စန်းတင်မိသားစု (ဝါးနက်ချောင်း)၊ ဗိုလ်မှူးကြီးစိန်ထွန်း(ငြိမ်း)အား အမှူးထား၍ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့မှ ဦးအောင်နိုင်ဦး-ဒေါ်ထက်ထက်အေးတို့က လည်းကောင်း၊ အရံစေတီတော်တစ်ဆူအတွက် အလှူငွေကျပ်ကိုးသိန်းကို ကျိုက်လတ်မြို့နေ ဦးထွန်းအောင် ဒေါ်မေဇင်ဦး (စာကလေးအင်တွဲမှုန့် မိသားစု)ကလည်းကောင်း ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဇမ္ဗူအေးဆယ့်တစ်မီးငြိမ်း စေတီတော်ရင်ပြင်တော်ရှိ သတ်မှတ်နေရာများ၌ ဆရာတော် နှင့် အလှူရှင်များက ရွှေအုတ်၊ ငွေအုတ် နှင့် ပတ္တမြားအုတ်တို့ဖြင့် ပန္နက်တော် တင်ပေးကြပြီး ဆရာတော်က အောင်ဂါထာကို ရွတ်ဖတ်ပူဇော်သည်။

ထို့နောက် ပန်းတစ်ပွင့်တောင် ဆရာတော်အား ရဟန်းဒါယကာ ဒါယိကာမတို့က စုပေါင်းသိက္ခာထပ်၍ ညှော့ ပရိသတ်တို့အား စတုဒိသာ ထမန်ဲ ကျွေးမွေးလှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



တပို့တွဲလပြည့် သြဝါဒပါတိမောက် အခါတော်နေ့

ဥသျှောင်မှူး (ရတနာစည်၊ လှိုင်လင်)

(က)

ညံလို့သာ သဲတော့တယ်၊ ပေါက်လဲငယ်ပွင့်ရုံ၊ ထိန်ထိန်လျှံသည်၊ ဆက်ရက်သံစာစာနှင့် ငှက်ညီလာ ကျင်းတဲ့လကိုလေး။ ကံ့ဟေ မာန်ငယ်၊ သကြိန်သွင်းမြဲ၊ တပို့တွဲမို့၊ မင်းပွဲရှင်ပျော်၊ ယာဂုတော်နှင့် ကြွေးကြော်ဆင်ပြင်၊ လွမ်းဖို့သာမြင်တော့တယ်၊ ကောင်းကင်မြင့် တိမ်ဆီမှာ၊ ကြယ်မာဃ ရောင်စုံကျင်းလို့ လင်းလှတယ်လေး။ ။

(ဘိုးသူတော်ဦးမင်း)

(ခ)

မြန်မာတို့၏ ဆယ့်နှစ်လရာသီတွင် တပို့တွဲလသည် ဆယ့်တစ်လ မြောက်သော လဖြစ်၏။ ရှေးကျောက်စာများတွင် တပို့တွဲလကို "တပိုတွဲ" ဟု ရေးကြ၏။ "တပို"ဟူသည်မှာ ထဖိုဖြစ်၍ ထန်းဖိုပင်ကို ဆိုလိုခြင်း ဖြစ်၏။ "တွဲ"မှာ တွဲလျားကျသည်၊ တွဲစေသည်ဟူသည့် အဓိပ္ပာယ်ကို ဆောင်၏။ ထို့ကြောင့် ထန်းဖိုပင်ရှိ ထန်းနို့ခိုင်မှ ထန်းရည်များကိုခံယူရန် ထန်းနို့ခိုင်အောက်တွင်ရှိသော "ထန်းလက်များအား အောက်သို့တွဲကျ သွားစေရန် နင်းချရသောလ၊ ထန်းရည်လ"ဟု အဓိပ္ပာယ်ရ၏။

ဘာသာရေးရှုထောင့်မှကြည့်သော် ဗုဒ္ဓသာသနာတော် သမိုင်းတွင် တပို့တွဲလပြည့်နေ့သည် ထူးခြားမွန်မြတ်သော နေ့ထူးနေ့မြတ်ကြီးတစ်နေ့ ဖြစ်လေ၏။ အကြောင်းမှာ အဆူဆူကုန်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီး များသာ ပြပိုင်ခွင့်၊ ဟောပိုင်ခွင့်ရှိသော သြဝါဒပါတိမောက် ဒေသနာတော်ကို ပြသ ဟောပြတော်မူသောကြောင့်ဖြစ်၏။

ကမ္ဘာတွင် မြန်မာတို့၏ ကိုယ်အမူအရာ ယဉ်ကျေးမှု အလှ၊ နှုတ် အပြောအဆို ယဉ်ကျေးမှု အလှ၊ စိတ်ဓာတ်၏ အလှကို ထင်ထင်ထင်းထင်း ပြသနိုင်ဖို့ရာ ဗုဒ္ဓအလိုကျ တစ်ခုသောနည်းလမ်းမှာ ဘုရားရှင်တို့၏ အဆုံးအမ သြဝါဒနှင့်အညီ ကျင့်သုံး၊ ပြုလုပ်၊ ပြောဆို၊ ကြံစည်ခြင်းသာဖြစ်။

ပါတိမောက်ဟူသော စကားလုံးသည် ပါတိမောက္ခဟူသော စကားလုံးမှ ဆင်းသက်လာသော စကားလုံးဖြစ်၏။ ပါတိမောက်၌ သြဝါဒပါတိမောက်၊ အာဏာပါတိမောက်ဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါး အနက် သြဝါဒပါတိမောက်သည် ဘုရားရှင်တို့သာ ပြပိုင်ခွင့်၊ ဟောပိုင်ခွင့် ရှိ၏။ အာဏာပါတိမောက်ကိုကား သာဝက(တပည့်)များလည်း ပြပိုင် ခွင့်၊ ဟောပိုင်ခွင့်ရှိ၏။

သြဝါဒ – ကိုယ်၊ နှုတ်၊ စိတ် သုံးပါးကို ယဉ်ကျေးလိမ္မာအောင် သွန်သင်ဆုံးမသော အဆုံးအမ။

အာဏာ – ဤသို့ပြုရမည်၊ ဤသို့မပြုရဟု သတ်မှတ်ချက် ချမှတ် ထားသော အမိန့်တော်။

ပါတိမောက် – လိုက်နာသူအပေါင်းကို အပါယ်ဒုဂ္ဂတိဘေးစသည်မှ လွတ်မြောက်စေနိုင်သော ဘုရားရှင်တို့၏ အကျဉ်းချုပ် အဆုံးအမနှင့် ပညတ်တော်မူအပ်သော သိက္ခာပုဒ် များဖြစ်၏။

ဘုရားရှင် သစ္စာလေးပါးကို သိသည်မှ ဝါတော် ၂၀ကာလအတွင်းကို ပထမဗောဓိအခါတော်ဟုခေါ်၏။ ပထမဗောဓိအခါတော်သည် လွန်စွာမှပင် စင်ကြယ်သော အခါတော်ဖြစ်၏။ ထိုကာလအတွင်း၌ ရဟန်းပြုသူဟူသမျှ တို့သည် အိုး၊နာ၊သေရေး သံသရာဒုက္ခဘေးကိုမြင်၍ သံသရာဝဋ်ဆင်းရဲမှ လွတ်စေရန် ရည်သန်ကာ ရဟန်းပြုကြသည်ဖြစ်၍ ဘုရားရှင်၏ အာဏာ တော်မှာ တားမြစ်ဖွယ်၊ ပိတ်ပင်ဖွယ်မရှိ။ ထို့ကြောင့် ထိုစဉ်က အာဏာ တော်အားဖြင့် သိက္ခာပုဒ်များ မပညတ်၊ မထုတ်ပြန်၊ မချမှတ်ရသေး၊ ပါတိမောက် အဖြစ် မပေါ်ပေါက်သေးပါ။ ဥပုသ်နေ့များ၌ သံဃာတော်များ စုဝေးကြသောအခါ ဘုရားရှင်က သြဝါဒပါတိမောက်ကိုသာ ဟော၏။ ဘုရားရှင်ဟောတော်မူသော သြဝါဒပါတိမောက်မှာ သုံးဂါထာမျှသာရှိ၏။

ဘုရားရှင်ဟောတော်မူသော ထိုသြဝါဒပါတိမောက် သုံးဂါထာ၌ အဆုံး အမတော် ၁၃ ချက်ပါရှိ၏။

၁။ သည်းခံခြင်းသည် မြတ်သောအကျင့်ဖြစ်၏။
၂။ အမြတ်တကာတို့၏ အမြတ်ဆုံးသည် နိဗ္ဗာန်ဖြစ်၏။
၃။ သူတစ်ပါးကို မသတ်ဖြတ်အပ်။
၄။ သူတစ်ပါးကို မနှိပ်စက်အပ်။
၅။ မကောင်းမှုကို ရှောင်ပါ။
၆။ ကောင်းမှုကို ဆောင်ပါ။
၇။ စိတ်ကိုဖြူအောင်ထားပါ။
၈။ ကဲ့ရဲ့စွပ်စွဲ ဆင်းရဲစေကြောင်းကို ရှောင်ပါ။
၉။ သတ်ဖြတ်ညှဉ်းဆဲ ဆင်းရဲစေကြောင်းကို ရှောင်ပါ။
၁၀။ သီလသိက္ခာကို စောင့်စည်းပါ။
၁၁။ အစားအစာ၌ အတိုင်းအတာရှိပါစေ။
၁၂။ ဆိတ်ငြိမ်အရပ်၌ မွေ့လျော်ပါ။
၁၃။ တည်ငြိမ်ရင့်ကျက်မှုရှိပါစေ။

(ဝိနည်းအဋ္ဌကထာ ပထမအုပ်၊ ဝေရဉ္စကဏ္ဍအဖွင့်၊ နှာ–၁၅၃–၄)

ဤအဆုံးအမတော်၁၃ချက်လုံးကို ခြုံငုံသုံးသပ်ကြည့်သော် စိတ် ကိုသာ အဓိကပဓာနမဏ္ဍိုင်ပြု၍ ဆုံးမထားသည်ကို တွေ့ရ၏။ **"ပါပသ္မိံ ရမတိ မနော–** စိတ်သည် မကောင်းမှု၌ မွေ့လျော်၏"ဟူသည့် ဘုရားရှင်၏ အဆုံးအမတော် တစ်ရပ်ကြောင့် စိတ်ကိုအဓိကထား၍ ဆုံးမခြင်းဖြစ်၏။

ကာယကံ–ကိုယ်နှင့်ပြုလုပ်သော မကောင်းမှု အပြုအမူဟူသမျှ သည်လည်းကောင်း၊ **ဝစီကံ**–နှုတ်ပါးစပ်နှင့် ပြောဆိုသော မကောင်းသော အပြောအဆို ဟူသမျှသည်လည်းကောင်း၊ **မနောကံ**–ဟူသည့် စိတ်ယုတ်၊ စိတ်ရိုင်းတို့မှ မြစ်ဖျားခံ၍ စီးဆင်းလာသည်ချည်း ဖြစ်၏။

ရက်စက်ကြမ်းကြုတ်သော၊ အပြုသဘောမဆောင် အဖျက်သဘော ဆောင်သောအလုပ်၊ အနှစ်အဆန်မရှိသော၊ တစ်ဖက်စောင်းနင်းကျသော၊ တစ်ပါးသူအား စိတ်ဆင်းရဲစေနိုင်သော အပြောအဆို၊ အထက်(လူ့ပြည်၊ နတ်ပြည်)သို့ ဦးမတည်၊ အောက်(အပါယ်ငရဲ)သို့ ဦးတည်သော အကြံအစည် ဟူသမျှတို့သည် အသိဉာဏ်၊ ဆင်ခြင်တုံတရားနည်းပါးသော လူအကန်း တို့၏ အပြုအမူ၊ အပြောအဆို၊ အကြံအစည်များဖြစ်၏။

"သည်းခံခြင်းသည် အမြတ်ဆုံးဖြစ်၏"ဟု စိတ်ကို ဗဟိုပြုသော အဆုံးအမတော်အရ **"အန္ဓဘူတော အယံလောကော–**ဤလောက၌ အကန်းတွေများ၏"ဟူသည့် အဆုံးအမတော်အတိုင်းပင် လောက၌ မသိ တတ်သူ၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို မခွဲခြားတတ်သူ၊ အမှားနှင့် အမှန်ကို မဝေဖန်တတ်သူ၊ အပြုနှင့်အဖျက်ကို မသုံးသပ်တတ်သူတို့ များလွန်း၏။

ထိုအကန်းတွေများလွန်းသော လောကကြီး၌ မိမိတို့အား အကောင်း မမြင် အဆိုးထင်၍ ကဲ့ရဲ့လာသူ၊ ဝေဖန်လာသူ၊ အပြစ်တင်လာသူ၊ မိမိတို့၏ ကိုယ်တွင်းရေး၊ အိမ်တွင်းရေး၊ ပြည်တွင်းရေးကို ဝင်ရောက် နှောင့်ယှက်၊ စွက်ဖက်ခြယ်လှယ်လာသူ ဟူဟူသမျှကို ခွင့်လွှတ်ခြင်း၊ သည်းခံခြင်း ခန္တီတရားတို့ဖြင့် အနိုင်ယူနိုင်သူသည် အမြတ်ဆုံးသော သူတော်ကောင်းဖြစ်၏။ သည်းခံ၊ ခွင့်လွှတ်ခြင်းသည်လည်း စိတ်ကို ယဉ်ကျေးလိမ္မာအောင် သွန်သင်ခြင်းတစ်မျိုးပင်ဖြစ်၏။

"တည်ငြိမ်ရင့်ကျက်မှုရှိပါစေ"ဟူသော အဆုံးအမတော်သည်လည်း **"စိတ္တံ ဒန္တံ သုခံ ဝဟံ–**စိတ်ကိုဆုံးမနိုင်မှ ချမ်းသာမည်"ဟူသည့် အဆုံး အမတော် အတိုင်းပင်ဖြစ်၏။ တစ်ယောက်တည်းနေ၍ မရသော လောက အိမ်ထဲသို့ ရောက်လာကြသော လောကသ္တေသည် ဟူသမျှတို့သည် ပတ်ဝန်းကျင်၊ အသိုင်းအဝိုင်းနှင့် မကင်းနိုင်ကြချေ။ မိမိနှင့် ပတ်သက် နေသောလူများ၊ မိမိ၏လုပ်ဖော်ကိုင်ဖက်များ၊ မိမိ၏အနီးအနားကလူများ၊ တစ်ဆင့်တက်သော် မိမိ၏အိမ်နီးချင်းနိုင်ငံများ၊ မိမိတို့၏နိုင်ငံနှင့် ပတ်သက် နေသော နိုင်ငံများအားလုံးသည် မိမိတို့၏ ပတ်ဝန်းကျင်များဖြစ်၏။

ထိုသို့ ပတ်ဝန်းကျင်နှင့် ပတ်သက်နေရသည့်အခါတွင် လူတစ်ကိုယ် စိတ်တစ်မျိုးဆိုသကဲ့သို့ အရာဌာနတိုင်းဝယ် မိမိ၏စိတ်တိုင်းချည်း ဖြစ်ဖို့ ရန်မလွယ်။ အခန့်မသင့်သည်များ၊ အဆင်မပြေမှုများရှိမည်။ မည်သို့ပင် ဖြစ်စေ မိမိတို့၏စိတ်ကို ယဉ်ကျေးလိမ္မာအောင်၊ အကောင်းမြင်စိတ်ရှိအောင် မွေးမြူရန်လိုအပ်၏။

မိမိနိုင်ငံနှင့် မိမိလူမျိုးကို ချစ်မြတ်နိုးခြင်း၊ အရေးတစ်စုံကြုံခဲ့ပါက မိမိနိုင်ငံနှင့် မိမိလူမျိုးဘက်မှ ရဲရဲဝံ့ဝံ့ရပ်တည်ခြင်းတို့သည်လည်း ဝံသာနု ရက္ခိတ စိတ်ဓာတ်၊ နိုင်ငံနှင့် လူမျိုးအား စောင့်ရှောက်သော စိတ်ဓာတ်ကို မွေးမြူခြင်းဖြစ်၍ ဘုရားအလောင်း သူတော်ကောင်းတို့ လေးစားစွာ သာဓုခေါ်သော စိတ်ဓာတ်မျိုး ဖြစ်၏။

ဆိုခဲ့ပါသော အဆုံးအမတော်များကို ဘုရားရှင်သည် ဤတပို့တွဲ လပြည့်နေ့တွင် ဟောကြားတော်မူ၍ တပို့တွဲလပြည့်နေ့သည် **"သြဝါဒ ပါတိမောက် အခါတော်နေ့"** (ကိုယ်၊ နှုတ်၊ စိတ် သုံးပါးပြုပြင်ရေးနေ့) အဖြစ်ဖြင့် နေ့ထူးနေ့မြတ် စာရင်းဝင်သော နေ့တစ်နေ့ဖြစ်၏။

(ဂ)

မြန်မာနိုင်ငံနှင့်တကွ ဗုဒ္ဓဘာသာနိုင်ငံများ အသီးသီးတွင် ဓမ္မစကြာ တရားတော်ကို **"ဝါဆိုလပြည့် အဘိဓမ္မာ အခါတော်နေ့"**ဟု သတ်မှတ်၍ ရွတ်ဖတ်ပူဇော်ကြသည့်နည်းတူ ဤသြဝါဒပါတိမောက် ဒေသနာတော် ကိုလည်း တပို့တွဲလပြည့်နေ့သို့ ရောက်လေတိုင်း **"တပို့တွဲလပြည့် သြဝါဒပါတိမောက် အခါတော်နေ့"**ဟု သတ်မှတ်၍ ရွတ်ဖတ်ပူဇော် သင့်၏။

တစ်နိုင်ငံလုံးတွင်ရှိသော ဗုဒ္ဓဘာသာဆိုင်ရာ အသင်းအဖွဲ့များ ကလည်း မိမိတို့၏ ပြည်နယ်၊တိုင်း အသီးသီးတွင် တပို့တွဲလပြည့်နေ့သို့ ရောက်လေတိုင်း သြဝါဒပါတိမောက်အခါတော်နေ့ကို တခမ်းတနား ကျင်းပသင့်၏။

တစ်နိုင်ငံလုံးတွင် သီတင်းသုံးတော်မူကြကုန်သော သံဃာတော် အရှင်သူမြတ်များလည်း တပို့တွဲလပြည့်နေ့သို့ ရောက်လေတိုင်း သိမ်တော် အတွင်းဝယ် စုပေါင်းတော်မူကြ၍ သြဝါဒပါတိမောက် ဒေသနာတော် သုံးဂါထာကို ရွတ်ဖတ် ပူဇော်ကြပြီး အခါတော်နေ့အဖြစ် သတ်မှတ်တော် မူကြပါလျှင် သာသနာတော် ထွန်းကားသော မြန်မာနိုင်ငံဝယ် ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံသောနေ့ထူး နေ့မြတ်ကြီး တစ်ရက် တိုးပွားလာမည်ဖြစ်၍ မိမိတို့၏ ဘာသာ၊ သာသနာတော် အတွက်လည်း များစွာအကျိုးကျေးဇူး ရှိလာနိုင်၏။

သြဝါဒပါတိမောက် ဒေသနာတော်သည် ရဟန်းသံဃာတော်များ အတွက် သတ်မှတ်ဟောကြားခဲ့သော်ငြားလည်း ဘုရားရှင်တိုင်းတို့၏ အဆုံးအမ သြဝါဒတော်ဖြစ်သောကြောင့် လူပုဂ္ဂိုလ်များနှင့်လည်း သက်ဆိုင်၏။ လိုက်နာကျင့်သုံးအပ်သော သြဝါဒထူးကြီးဖြစ်၏၊ ဗုဒ္ဓဘာသာ အားလုံးတို့ အဖိုးအနဃ္ဃထိုက်သော သြဝါဒတော်များဖြစ်၏။

ယခုအခါကာလ၌ ဗုဒ္ဓဘာသာဝင် တစ်ဦးတစ်ယောက်ကိုသော် လည်းကောင်း၊ အများစုကိုသော်လည်းကောင်း "ဗုဒ္ဓဘာသာ၊ ဗုဒ္ဓဝါဒ၊ ထေရဝါဒ ဆိုတာဘာလဲ"လို့ မေးမည်ဆိုလျှင် အမျိုးမျိုးသော သူ့အမြင်၊ သူ့ရှုထောင့် မှ မူကွဲအဖြေများသာ ထွက်ပေါ်လာလိမ့်မည်။ ဤသို့သော် အမေးပြဿနာများကို **"တပို့တွဲလပြည့် သြဝါဒပါတိမောက် အခါတော် နေ့"**သတ်မှတ်ကျင်းပ၍ **"ဗုဒ္ဓဘာသာ ဗုဒ္ဓဝါဒထေရဝါဒဆိုတာ ဒါပဲ"**ဟု သြဝါဒပါတိမောက် သုံးဂါထာကို ညွှန်းပြကာမူမကွဲသော၊ မတွေဝေ မတုံ့ဆိုင်းသောအဖြေမှန်ကိုပေး၍ ကြွေးကြော် ဖြေရှင်းသင့်၏။

ကမ္ဘာတွင် မြန်မာတို့၏ ကိုယ်အမူအရာယဉ်ကျေးမှုအလှ၊ နှုတ် အပြော အဆို ယဉ်ကျေးမှုအလှ၊ စိတ်ဓာတ်၏ အလှကို ထင်ထင်ထင်းထင်း ပြသနိုင်ဖို့ရာ ဗုဒ္ဓအလိုကျ တစ်ခုသောနည်းလမ်းမှာ ဘုရားရှင်တို့၏ အဆုံးအမ သြဝါဒနှင့်အညီ ကျင့်သုံး၊ ပြုလုပ်၊ ပြောဆို၊ ကြံစည်ခြင်းသာ ဖြစ်၏။ ထို့ကြောင့် ဤဆောင်းပါးကို သြဝါဒပါတိမောက်၏ အနှစ်ချုပ် လင်္ကာဖြင့် အဆုံးသတ်လိုက်ပါ၏။

မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား။
ဘုရားတိုင်းသာ၊ မိန့်ခဲ့တာ၊ သုံးဖြာဤစကား။ ။

ဆုချီးမြှင့်

မင်္ဂလာဒုံမြို့နယ် အမှတ် (၃၂) အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ၂၀၀၅–၂၀၀၆ ပညာသင်နှစ် ပညာရည်ချွန် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၉ရက်က ကျင်းပရာ ပဥ္စမတန်း၌ ပထမဆုရ မစန္ဒာဝင်းအား ကျောင်းအုပ် ဆရာမကြီး ဒေါ်မေသဇင်က ဆုချီးမြှင့်စဉ်။

(ပညာရေး)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်း ဝိပဿနာတိုက်သစ်ကြီး၏ မဟာရာမ် တံတိုင်း ပြန်လည်ပြုပြင်ရန်အတွက် ဦးကိုကြီး–ဒေါ်ခင်မိုးမိုး၊ သား အောင်မိုမောင် မိသားစုတို့က စုစုပေါင်း အလှူငွေကျပ် ၂၃ သိန်းကို ကျောင်းတိုက်ကြီး၏ အကျိုးဆောင်အဖွဲ့ဝင် ဦးခင်မောင်ကြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

သာကေတလျှော်ကားနှင့် ရွာမဓာတ်အားပေးစက်ရုံများ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇန်နဝါရီ၃၀ ရက်က ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်မောင်စိုး လိုက်ပါလျက် သာကေတဓာတ်အားပေးစက်ရုံသို့ရောက်ရှိကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဓာတ်အား ထုတ်လုပ်ရေးဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးညွန့်အောင်နှင့် စက်ရုံမှူး ဦးထွန်းလှိုင်တို့က စက်များစွမ်းအားပြည့်လည်ပတ်မှုတွင် အထောက်အကူ ဖြစ်စေမည့် သဘာဝဓာတ်ငွေ့သန့်စင် မှုတ်ထုတ်ခြင်းလုပ်ငန်းကို ရှင်းလင်းပြသပြီး ဝန်ကြီးက Gas Station အတွင်း စက်ရုံသို့ သွယ်တန်းထားရှိသော သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်း အသစ်လဲလှယ်ဆောင်ရွက်မည့် စက်အစိတ်အပိုင်းပစ္စည်းများအား ကြည့်ရှုစစ်ဆေးပြီး စက်စွမ်းအားပြည့် လည်ပတ်နိုင်မှုသည် အဓိကဖြစ်သဖြင့်စက်ပစ္စည်းများလဲလှယ်မှုကို အမြန်ဆုံးဆောင်ရွက်၍ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ် သွားစေလိုကြောင်း မှာကြားပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် လျှော်ကားဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ စက်ရုံမှူး ဦးသိန်းဇော်က လျှော်ကား ဓာတ်အားပေးစက်ရုံ အမှတ်(၁)စက်သို့ သွယ်တန်းထားသောသဘာဝဓာတ်ငွေ့ပိုက်လိုင်း၌ သဘာဝဓာတ်ငွေ့သန့်စင်မှုတ်ထုတ်နေမှု၊ အမှတ်(၂)စက်နှင့် အမှတ်(၃) စက်သို့ သွယ်တန်းထားရှိသော သဘာဝဓာတ်ငွေ့သန့်စင်မှုတ်ထုတ်နေမှုတို့ကို ရှင်းလင်းပြသပြီး ဝန်ကြီးက သဘာဝ ဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းထားမှု၊ Gas Station အတွင်း လျှပ်စစ်ကျွမ်းကျင်လုပ်သားများ သဘာဝဓာတ်ငွေ့ သန့်စင်မှုတ်ထုတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရွာမဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ စက်ရုံမှူး ဦးအေးဝင်းက စက်ရုံသို့သွယ်တန်းထားသော ကုန်းတွင်းသဘာဝဓာတ်ငွေ့ပိုက်လိုင်း Gas Station အတွင်း Driam ပိုက်လိုင်းဖြင့် အမှုန်များထုတ်ရန် ဆောင်ရွက်ထားမှုနှင့် သဘာဝဓာတ်ငွေ့ရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးသည် သဘာဝဓာတ်ငွေ့သန့်စင်မှုလုပ်ငန်း ဆောင်ရွက်ရန် စီစဉ်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံရှင်းလင်းခန်းမ၌ ဝန်ကြီးအား စက်ရုံမှူး ဦးအေးဝင်းက ဓာတ်အား ဖြန့်ဖြူးနေမှုများကိုလည်းကောင်း၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာချုပ် ဦးညိုဝင်းက ဓာတ်အားလိုင်းများ တိုးချဲ့ဆောင်ရွက်ထားမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် စွမ်းအင်ဝန်ကြီးဌာန သဘာဝဓာတ်ငွေ့ ထိန်း/ဖြန့်စခန်း ရွာမသို့ ရောက်ရှိရာ တာဝန်ခံ အင်ဂျင်နီယာ ဦးရဲမြင့်က ကမ်းလွန်သဘာဝဓာတ်ငွေ့နှင့် ကုန်းတွင်းသဘာဝဓာတ်ငွေ့ပိုက်လိုင်းများ သွယ်တန်းထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် သဘာဝဓာတ်ငွေ့ ထိန်း/ဖြန့် စခန်းအတွင်း သဘာဝဓာတ်ငွေ့များ လက်ခံရရှိမှုနှင့် ဖြန့်ဖြူးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(အပေါ်ဓါတ်ပုံ)** **(သတင်းစဉ်)**

စက်ယန္တရားကြီးများဖြင့် ကတ္တရာထပ်ပိုးလွှာခင်းကျင်းနေမှု မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ယမန်နေ့နံနက်ဖြနာရီခွဲက တာဝန်ရှိသူ များလိုက်ပါ၍ ရန်ကုန်အရှေ့ပိုင်းခရိုင် သံသုမာလမ်း ပြည်ထောင်စုခုံးကျော် တံတားအနီးမှ ဒဂုံမြို့သစ်တောင်ပိုင်းနှင့် မြောက်ပိုင်းလမ်းဆုံအထိ စက်ယန္တရားကြီးများဖြင့် ကွန်ကရစ်ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ လုပ်ငန်းတာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်(၁၃)ရပ်ကွက် ပန်းခြံကျောင်းလမ်းသို့ ရောက်ရှိရာ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဌာနမှူး ဦးညွန့်ဖေနှင့် တာဝန်ရှိသူများက ပြည်သူများ အားကစားလှုပ်ရှားမှု ပြုလုပ်နိုင်ရေး၊ စိတ်ချမ်းမြေ့စွာ အနားယူအပန်းဖြေနိုင်ရေးတို့အတွက် ပန်းခြံကျောင်းလမ်း မြေကွက်လပ်၌ ဘောလုံးကစားကွင်းနှစ်ကွင်း၊ ရေကန်နှစ်ခုနှင့် ပန်းမန်များ စိုက်ပျိုးမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းပေး

ယင်းနောက် မြို့တော်ဝန်က ရပ်ကွက်နေပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်မှုရှိစေရေးအတွက် ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်၍ သွက်လက်လျင်မြန် စွာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် မှာကြားဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

Firefly Mission of Singapore 2006, Singapore **က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းလေးသောင်းငါးထောင်ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွန်းထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

အမှတ် ၆၅၅ စံရိပ်ငြိမ်(၂)လမ်း ၅၃ ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေ ဦးကျော်စိန် နှင့် သားသမီး၊ မြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့တွဲဖက် အတွင်းရေးမှူး(၁)ဦးသိန်းအောင်က လက်ခံယူစဉ်။ (က-ပ)

ပန်းပျိုးသူတို့ အလင်္ကာ ဓာတ်ကားမှ လူမင်း၊ မေသဥ္ဇာဦး၊ နဝရတ်။

ပန်းပျိုးသူတို့ အလင်္ကာဇာတ်ကား ဆက်လက် အောင်ပွဲခံပြသ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဖေဖော်ဝါရီ ၁

ယခုသောကြာပတ်တွင် မြန်မာဇာတ်ကားသစ်များ ရုံဝင်လာခြင်းမရှိဘဲ ဒါရိုက်တာဟိန်းစိုး ရိုက်ကူးပြီး လူမင်း၊ နေတိုး၊ မေသဥ္ဇာဦးနှင့် နဝရတ်တို့ ပါဝင်သရုပ်ဆောင်ထားသော **ပန်းပျိုးသူတို့ အလင်္ကာ** ဇာတ်ကား ရှေ့ဆောင်ရုံတွင် အောင်ပွဲခံပြသလျက်ရှိသည်။

သမ္မတရုံတွင် Krtik Roshan, Rekha, Priyanka Chopra တို့ပါဝင်သရုပ်ဆောင်ထားသော Krrish ဇာတ်ကား ရုံဝင်လာသည်။ သိပ္ပံတီထွင်မှုကို အချစ်နှင့် စွန့်စားခန်းများဖြင့် ပေါင်းစပ်ရိုက်ကူး ပြသထားသော အက်ရှင်ဇာတ်ကား ဖြစ်သည်။

ဒါရိုက်တာZhang Yimouရိုက်ကူးပြီး Andy Lau, Takeshi Kaneshiro, Zhangziyi တို့ ပါဝင်သရုပ်ဆောင်ထားသော House of Flying Daggersဇာတ်ကားသွင်ရုံတွင် ဝင်လာသည်။

ဂျိမ်း(စ်)ဘွန်းမင်းသား Daniel Craig, Eva Greenတို့ သရုပ်ဆောင်ထားသော **Casino Royale**ဇာတ်ကား မင်္ဂလာအဆင့်မြင့်ရုံတွင် ပြသလျက်ရှိသည်။ နေပြည်တော်ရုံတွင်ဒါရိုက်တာ Yip Wai-shun ရိုက်ကူးပြီး Donnie yen, Nicholas Tse, Shawn Yuတို့ သရုပ်ဆောင်ထားသော**Dragon Tiger Gate** ဇာတ်ကား ပြသလျက်ရှိသည်။

ရွှေဂုန်ရုံအပေါ်ထပ်တွင် ရော်ဂျာမိုး ပါဝင်သရုပ်ဆောင်ထားသော Moon Raker ဇာတ်ကားပြသနေပြီး ဘုရင့်ရုံတွင် အိန္ဒိယမင်းသားချောရှာရွတ်ခန် ပါဝင်သရုပ်ဆောင်ထားသော **Kal Ho Naa Ho** ဇာတ်ကားပြသနေသည်။

မြို့လယ် ဝဇီရာရုံတွင် **ပြဒါးမဲ့မှန်** ဇာတ်ကား ဆက်လက်ပြသနေပြီး ရန်အောင်၊ သူထူးစံ၊ ဖြိုးငွေစိုး၊ ဥက္ကာမင်းမောင်၊ စိုးမြတ်နန္ဒာ၊ စိုးမိုးကြည်တို့ပါဝင် သရုပ်ဆောင်ထားသော **ရန်ငြိုးမုန်တိုင်း** ဇာတ်ကား စံပြ၊ ရွှေမန်းနှင့် သီတာရုံများတွင် ဆက်လက်ပြသနေသည်။ ဒါရိုက်တာ ကိုအောင်မင်းသိမ်းရိုက်ကူးပြီး ကျော်ရဲအောင်နှင့် နန္ဒာလှိုင်တို့ ပါဝင်သရုပ်ဆောင်ထားသော **ဒုတိယမြောက် ဟန်းနီးမွန်း** ဇာတ်ကား နဝဒေးရုံတွင် ပြသနေသည်။ မြို့မရုံတွင် အကယ်ဒမီဆုရ **Qayamat** ဇာတ်ကား ရုံဝင်လာသည်။ ။ **(မြန်မာ့အလင်း)**

ဒုတိယမြောက် ဟန်းနီးမွန်း ဇာတ်ကားမှ ကျော်ရဲအောင်၊ နန္ဒာလှိုင်။

ကမ္ဘာတစ်လွှား အားကစား

မန်ယူတို့ ငွေပုံပေးမှရတော့မည့် ပေါ်တူဂီသား ဒိုလေး

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဖေဖော်ဝါရီ ၁

တိမ်းမူးဖွယ်ရာ ဘောလုံးကစားမှု၊ မှင်သက်မိစရာ အလိမ်အခေါက်များဖြင့် တစ်ဖက်အသင်းနောက်တန်းခံစစ်မှူးများကို တစ်ဟုန်ထိုးကျော်ဖြတ်ကာ မန်ယူအတွက် ဂိုးများအဆက်မပြတ်သွင်းယူပေးနေသော စီရိုနယ်ဒို၏ပုံရိပ်များကို တစ်ခုချင်းဆက်စပ်ပုံဖော်ကြည့်လိုက်လျှင်–––

စီရိုနယ်ဒို (ခေါ်)ခရစ်စတင်းရာနိုရိုနယ်ဒိုကို ပေါ်တူဂီနိုင်ငံ မင်ဒေးရာမြို့၌ ၁၉၈၅ခုနှစ် ဖေဖော်ဝါရီ ၅ရက်က မွေးဖွားခဲ့လေသည်။ စီရိုနယ်ဒိုသည် မွေးရာပါ ပါရမီရှင်ဘောလုံးသမား တစ်ဦးဖြစ်ရာ အသက် ၁၁နှစ်အရွယ်မှာပင်စပို့တင်းလစ္စဘွန်းကလပ်၏ လူငယ်အသင်းသို့ ရောက်ရှိလာခဲ့သည်။



မန်ယူအသင်းအောင်မြင်မှုများ ရရှိရေးအတွက် ဂိုးများအဆက်မပြတ် သွင်းယူ ပေး နေ သော တောင်ပံတိုက်စစ်မှူး စီရိုနယ်ဒို(ခ) ဒိုလေး၏ ညက်ညောသောကစားဟန် တစ်ကွက်။

(ဓာတ်ပုံ–အင်တာနက်)

အသက် ၁၆နှစ်တွင် စပို့တင်းလစ္စဘွန်း အသင်းကြီး၌ ကစားခွင့်ရရှိခဲ့ပြီး ပေါ်တူဂီလိဂ် ပွဲစဉ်အဖြစ် မိုရီရန်စီအသင်းနှင့် ကစားသောပွဲစဉ်၌ စတင်ပါဝင်ကစားခဲ့ရာ စပို့တင်းလစ္စဘွန်းက သုံးဂိုးပြတ်အနိုင်ရရှိခဲ့ရာတွင် စီရိုနယ်ဒိုက နှစ်ဂိုးသွင်းပေးနိုင်ခဲ့သည်။

ထိုနှစ် ပေါ်တူဂီလိဂ်ဖလား ဗိုလ်လုပွဲ၌ ဘိုရာဗစ်စတာကိုနှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲတွင်လည်း နှစ်ဂိုးစလုံးကို စီရိုနယ်ဒိုသွင်းယူပေးခဲ့ခြင်းဖြစ်ပြီး လစ္စဘွန်းတို့ ဖလားရရှိခဲ့ကာ စီရိုနယ်ဒို၏ နာမည်လည်း ကျော်ကြားခဲ့လေသည်။

ပါဝင်ကစား

ထိုနှစ်မှာပင် ပေါ်တူဂီ အသက် ၁၇နှစ်အောက် လူငယ်ဘောလုံးအသင်းတွင် ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ဥရောပဖလား ဘောလုံးပြိုင်ပွဲ၌ တောင်ပံတိုက်စစ်မှူးအဖြစ် ကစားခဲ့သည်။

အသက် ငယ်ငယ်ရွယ်ရွယ်နှင့် ဘောလုံးအရည်အသွေး မြင့်မားသောကြောင့် ၂၀၀၃–၂၀၀၄ ဘောလုံးရာသီ



ဒူဘိုင်းသို့ အလည်အပတ်ရောက်ရှိခဲ့သော ဒိုလေး၏ ဟန်ပန်။

(ဓာတ်ပုံ–အင်တာနက်)

တွင် မန်ယူအသင်းနည်းပြ ဖာဂူဆန်က ခေါ်ယူခဲ့ပြီး မန်ယူ၌ ထည့်သွင်းကစားစေခဲ့ရာ ခြေစွမ်းပြကစားနိုင်ခဲ့မှုကြောင့် မန်ယူတိုက်စစ်မှူး နစ္စတယ်ရွိုင်းနှင့်အတူ အကူတိုက်စစ်မှူးအဖြစ် ပွဲတိုင်းနီးပါးကစားခဲ့ရသည်။ ထိုနှစ်တွင် မန်ယူအတွက် ပရီမီယာလိဂ်၊ ချန်ပီယံလိဂ်၊ အက်ဖ်အေဖလားနှင့် ကားလင်းဖလားပြိုင်ပွဲများ၌ စုစုပေါင်း ၂၃ပွဲ ကစားခဲ့ရာ ခြောက်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဘောလုံးသယ်ယူမှု လျင်မြန်ခြင်း၊ ခွန်အားအပြည့်သုံးပြီး ကစားတတ်ခြင်း၊ အံ့သြဖွယ်ရာ ခြေအလှည့် အပြောင်းများဖြင့် တစ်ဖက်ဘောလုံးသမားအား လှည့်စားနိုင်ခြင်း၊ ဂိုးသွင်း ခြေမှန်ခြင်း တို့ကြောင့် ၂၀၀၄–၂၀၀၅ ဘောလုံးရာသီတွင် စီရိုနယ်ဒိုနာမည် တစ်ရှိန်ထိုးကျော်ကြားလာပြီး ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရ ဘရာဇီးတိုက်စစ်မှူး ကမ္ဘာကျော် ဘောလုံးသမား ရိုနယ်ဒိုအား ''ဒိုကြီး''ဟုခေါ်ခဲ့သလို စီရိုနယ်ဒိုအား''ဒိုလေး''ဟုပရိသတ်ကြား ရေပန်းစားလာခဲ့သည်။

မန်ယူမှ ရီးရဲမက်ဒရစ်သို့ ထွက်ခွာသွားသော မန်ယူကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ခမ်း၏ ကျောနံပါတ် ၇ ဂျာစီကို ဝတ်ဆင်ကာ ကွင်းလယ်နှင့် တောင်ပံတိုက်စစ်တာဝန်ကို အလွန်လျင်မြန်သော အရှိန်အဟုန်ဖြင့် တစ်ဟုန်ထိုးကစားတတ်သော ဒိုလေးသည် ၂၀၀၅–၂၀၀၆ ဘောလုံးရာသီ၌ မန်ယူအတွက် ၃၉ပွဲ ကစားပြီး ၁၂ ဂိုး သွင်းယူပေးနိုင်ခဲ့ရာ မန်ယူအတွက် အားထားရသော ဘောလုံးသမားတစ်ဦး ဖြစ်လာသလို မန်ယူပရိသတ်အချစ်တော်လည်း ဖြစ်ခဲ့လေသည်။

အထောက်အကူပေး

ဘောလုံးအလိမ်အခေါက် ကောင်းသည့်အပြင် ကွင်းလယ်နှင့် တောင်ပံများမှ ဖြတ်တင်ဘောများ ထိရောက်အောင် ပေးပို့နိုင်ခဲ့သဖြင့် မန်ယူတိုက်စစ်မှူး နစ္စတယ်ရွိုင်း၊ ရွန်နေနှင့်ဆာဟာတို့ကို ဂိုးသွင်းခွင့်များ ရရှိအောင် အထောက်အကူ ပေးနိုင်ခဲ့သည်။

သို့သော် စီရိုနယ်ဒိုသည် ဘောလုံးကို ကိုင်ကစားလွန်းသည်၊ တစ်ကိုယ်ကောင်းဆန်သည်၊ ဘောလုံးဆုံးရှုံးမှုများလွန်းသည်ဟူသော ဝေဖန်မှုများ ထွက်ပေါ်လာခဲ့သည်။ တစ်ချိန်တည်းမှာပင် ၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ ပေါ်တူဂီနှင့် အင်္ဂလန်အသင်းတို့ပွဲတွင် အင်္ဂလန်တိုက်စစ်မှူး ရွန်နေ အနီကတ်ပြ အထုတ်ခံရမှုတွင် စီရိုနယ်ဒိုကြောင့်ဟူသော ဝေဖန်သံများလည်း ပေါ်ထွက်လာခဲ့ရာ စီရိုနယ်ဒို မန်ယူတွင် ဆက်လက်ကစားမည်၊ မကစားမည်ဟူသော သုံးသပ်မှုများလည်း ထွက်ပေါ်ခဲ့ရပြန်သည်။

သို့ရာတွင် ၂၀၀၆–၂၀၀၇ ဘောလုံးရာသီ၌ မန်ယူတွင် ကစားသော စီရိုနယ်ဒိုမှာ ကစားဖော်များဖြစ်သည့် ရွန်နေ၊ ဆာဟာ၊ ပေါလ်စခိုးလ်နှင့် ရိုင်ယန်ဂစ်တို့ ဂိုးသွင်းခွင့်များရအောင် ဖန်တီးပေးနိုင်သလိုအချိန်ကိုက် ကွက်တိဘောလုံးဖြန့်ပေးနိုင်မှုတို့ကြောင့် ဝေဖန်သံများ ပျောက်ကွယ်သွားကာ မန်ယူပရိသတ်လည်း အမြင်ကြည်လင်လာခဲ့ပြီး နစ္စတယ်ရွိုင်းမရှိတော့သည့် မန်ယူတိုက်စစ်ကိုလည်း ဦးဆောင်မှုပေးနိုင်သည့် အနေအထား ရောက်ရှိလာခဲ့သည်။

ယခုလက်ရှိဘောလုံးရာသီ၌ မန်ယူအတွက် ပရီမီယာလိဂ်၌ ၂၂ ပွဲ ကစား၊ ၁၄ ဂိုးသွင်းထားရာ ၁၅ ဂိုးသွင်းထားသော ဒရော့ဘာပြီးလျှင် ဒုတိယ အများဆုံး ဂိုးသွင်းနိုင်သူအဖြစ် ရပ်တည်နေသည်။ ထို့အပြင် ယခုနှစ် ဘောလုံးရာသီ၌ ဒိုလေး ၁၅ ဂိုးသွင်းလျှင် ထိုက်တန်သောဆု ချီးမြှင့်မည်ဟူသော ဖာဂူဆန်ပင် အံ့သြအောင် ဂိုးသွင်းစွမ်းရည် မြင့်မားနေရာ ကမ္ဘာကျော် ဥရောပ ကလပ်အသင်းကြီးများဖြစ်သော ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့က အပြိုင်အဆိုင် ကမ်းလှမ်းလျက်ရှိနေပြီ ဖြစ်သည်။

ငြင်းဆို

စီရိုနယ်ဒိုသည် မန်ယူကလပ်နှင့် ၂၀၁၀ ပြည့်နှစ်ကုန်အထိ စာချုပ်ထားသည်ဖြစ်ရာ စီရိုနယ်ဒိုအား မည်မျှဈေးပေးပေး ရောင်းမည်မဟုတ်ဟု မန်ယူကလပ်ဥက္ကဌ ဒေးဗစ်ဂီးလ်က အပြတ်ငြင်းဆိုထားပြီးလည်း ဖြစ်သည်။ သို့သော်လည်း ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့ကလည်း စီရိုနယ်ဒိုကို လစာငွေကြေး မက်လုံးပေးပြီး ခေါ်ယူရန်ကြိုးစားနေပြီ ဖြစ်သည်။

ဒိုကြီး(ခေါ်) ရိုနယ်ဒိုက ရီးရဲမက်ဒရစ်မှ အေစီမီလန်သို့ ထွက်ခွာသွားပြီဖြစ်ရာ စီရိုနယ်ဒို(ခေါ်)ဒိုလေးကို ရီးရဲမက်ဒရစ်က ရအောင်ခေါ်ယူတော့မည်ဖြစ်ရာ လောလောဆယ် ပေါင် ၃၅ သန်းပေးမည်ဟု ဈေးခေါ်ထားသည်။

လောလောဆယ်တွင် စီရိုနယ်ဒိုကို မန်ယူက တစ်ပတ်လျှင် ပေါင် ၇၀၀၀၀ ဖြင့် လစာပေးထားပြီး ၂၀၁၀ ပြည့်နှစ်အထိ စာချုပ် ချုပ်ထားရာ ရွန်နေနှင့် ဖာဒီနန်တို့အား တစ်ပတ်လျှင်ပေါင်ငွေ တစ်သိန်း လုပ်ခလစာ ပေးထားမှုနှင့် နှိုင်းယှဉ်လျှင် လွန်စွာနည်းလွန်းနေသည်။ ထို့ကြောင့် မန်ယူကလပ်ဘုတ်အဖွဲ့လူကြီးများနှင့် ဖာဂူဆန်တို့ စီရိုနယ်ဒိုအား လစာအနည်းဆုံး တစ်ပတ်ပေါင်ငွေ တစ်သိန်းပေးရေးကို သတ်မှတ်ပေးရတော့မည် ဖြစ်သည်။

ရောက်ရှိ

မကြာမီကမှ စီရိုနယ်ဒိုမှာ ဒူဘိုင်းမြို့သို့ ငါးရက်ကြာ အလည်အပတ်ခရီး ရောက်ရှိခဲ့သည်။ ဒူဘိုင်းခရီးသွားလုပ်ငန်းနှင့် စီးပွားရေးဈေးကွက် (ဒီတီစီအမ်)က ၎င်းတို့၏ ဒူဘိုင်းခရီးသွားလုပ်ငန်းကို ကမ္ဘာ့လှည့်ခရီးသွားများ အာရုံစိုက်လာစေရန် ကမ္ဘာကျော်ဘောလုံးသမား စီရိုနယ်ဒိုအား အလည်အပတ်ခရီး ဖိတ်ခေါ်ခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် ဥရောပတစ်ဝန်းရှိ ကမ္ဘာကျော်ဘောလုံး ကလပ်အသင်းများအတွက် လေ့ကျင့်ရေးစခန်းများနှင့် ဘောလုံးသမားများအတွက် အပန်းဖြေခရီးစဉ်များ ဖန်တီးထားခြင်းကို ဆွဲဆောင်နိုင်စေရန် ယခုကဲ့သို့ ကျော်ကြားသော စီရိုနယ်ဒိုအား ဒူဘိုင်းသို့ အလည်အပတ် ခရီး ခေါ်ဆောင်ပြသခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် လာမည့် နွေရာသီ အပြောင်းအရွှေ့ကာလ၌ စီရိုနယ်ဒိုကို မန်ယူက မက်မောလောက်သော လစာငွေပေးကာ စည်းရုံးထိန်းချုပ်ထားနိုင်မှုရှိ၊ မရှိနှင့် ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့ကလည်း အပြိုင်ခေါ်ယူနိုင်စွမ်းရှိ၊ မရှိကို စောင့်စားကြည့်ရှုရပေတော့မည်။ ။

(ကိုးကား–အင်တာနက်သတင်း)

မန်ယူနှင့်ချယ်လ်ဆီး ဆက်လက်အောင်ပွဲခံ

ကိုးကားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် ဖေဖော်ဝါရီ ၁

ပရီမီယာလိဂ်ပွဲစဉ်(၂၅) ပြိုင်ပွဲများကို ဇန်နဝါရီ ၃၁ ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ကြရာ မန်ယူနှင့် ချယ်လ်ဆီးတို့ ပြိုင်ဘက်များကို အသီးသီးအနိုင်ရပြီး အောင်လံလွှင့်ထူလျက်ရှိသည်။

မန်ချက်စတာ ယူနိုက်တက်အသင်းသည် ဝက်ဖို့ဒ်အသင်းကို အိမ်ကွင်း၌ လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။ မန်ယူအတွက် ဂိုးများကို စီရိုနယ်ဒိုက ပွဲချိန် မိနစ် ၂၀ တွင် ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက် မန်ယူတို့ ဆက်လက်တိုက်စစ်ဆင်ကစားရာ ပွဲချိန် ၆၁ မိနစ်တွင် ဒွိုင်းလီက ကိုယ့်ဂိုးကိုယ်ပြန်သွင်းယူမိသဖြင့် မန်ယူတို့ ဒုတိယမြောက်ဂိုး ရခဲ့သည်။ မန်ယူ၏ တတိယနှင့် စတုတ္ထမြောက်ဂိုးများကို လာဆင်နှင့် ရွန်နေတို့က ပွဲချိန်မိနစ် ၇၀အကျော်တွင် ဆက်တိုက်ဂိုးများ သွင်းယူသွားကြသည်။

ထိုနေ့က မန်ယူတို့ အိမ်ကွင်းပီပီ မွှေနှောက်ခြေစွမ်းပြ ကစားခဲ့ကြပြီး ရမှတ်သုံးမှတ်ကို ထိုက်ထိုက်တန်တန် ရယူခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်လည်း မန်ယူတို့ အမှတ်ပေးဇယားတွင်ရမှတ်၆၀ဖြင့် ထိပ်ဆုံးမှရပ်တည်နေကာ ဒုတိယနေရာရောက် ချယ်လ်ဆီးထက် ခြောက်မှတ်အသာဖြင့် ဆက်လက်ဦးဆောင်နေဆဲဖြစ်သည်။

မန်ယူတိုက်စစ်မှူး ရွန်နေ ဝက်ဖို့ဒ်အသင်းဘက်သို့ ဤသို့ဂိုးသွင်းယူခဲ့သည်။

(ဓာတ်ပုံ–အင်တာနက်)

ချယ်လ်ဆီး–ဘလက်ဘန်း

မန်ယူကဲ့သို့ ချယ်လ်ဆီးအသင်းသည်လည်း အိမ်ကွင်း၌ ဘလက်ဘန်းအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီး ထိုက်တန်စွာ သုံးမှတ်ရယူနိုင်ခဲ့သည်။

ချယ်လ်ဆီးအသင်းအတွက် ဂိုးများကို ဒရော့ဘာ၊ လမ်းပတ်နှင့် ကာလူးတို့က အသီးသီးသွင်းယူပေးခဲ့ကြသည်။ ယင်းပြိုင်ပွဲမှ ရလဒ်ကြောင့် ချယ်လ်ဆီးအသင်းသည် ရမှတ် ၅၄ မှတ်ဖြင့် မန်ယူနောက်မှ ခြောက်မှတ်အကွာဖြင့် လိုက်နေရဆဲဖြစ်သည်။ **(အင်တာနက်)**

အာဆီယံချန်ပီယံရှစ် ဘောလုံးဗိုလ်လု စင်ကာပူက ပယ်နယ်တီဂိုးဖြင့် ထိုင်းကိုနိုင်

စင်ကာပူ ဖေဖော်ဝါရီ ၁

အာဆီယံချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ထိုင်းအသင်းနှင့် အိမ်ရှင်စင်ကာပူအသင်းတို့ အကြိတ်အနယ်ပွဲအဖြစ် ဇန်နဝါရီ ၃၁ ရက်က ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပယ်နယ်တီ

အိမ်ရှင်စင်ကာပူအသင်းသည် အိမ်ရှင်အားပေးမှုကို အခွင့်ကောင်းယူလျက် ထိုင်းအသင်းကို ဖိကစားခဲ့ရာ ပွဲချိန် ၁၇မိနစ်တွင် အလန်ရှားက ဖွေဆော်ဦးဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းပြန်စပြီး မကြာမီမှာပင် ထိုင်းအသင်းမှ သွန်ကန်ယာက ချေပဂိုးသွင်းယူခဲ့သည်။ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်နေချိန် ပွဲပြီးရန် မိနစ်ပိုင်းအလိုတွင် မလေးရှားဒိုင်လူကြီး ရာဗီချန်ဒရန်က ထိုင်းဂိုးဘက်တွင် ပယ်နယ်တီကန်ခွင့်ပေးလိုက်သည်။ ယင်းပယ်နယ်တီမှာ ထိုင်းနောက်တန်းလူ စီရီရောင်းက စင်ကာပူတိုက်စစ်မှူးအလန်ရှားအားဂိုးဧရိယာအတွင်း ဆွဲချသည်ဆိုကာ ပယ်နယ်တီ ပြစ်ဒဏ်သော ကန်ခွင့်ပေးလိုက်ခြင်း ဖြစ်သည်။

ထိုသို့ ဒိုင်လူကြီးက ပယ်နယ်တီပေးလိုက်သဖြင့် ထိုင်းဘောလုံးသမားများ ဆက်မကန်တော့ဘဲ ကွင်းအတွင်းမှ ၁၅ မိနစ်ခန့် ထွက်သွားခဲ့သည်။ အာဆီယံဘောလုံး တာဝန်ရှိသူများက လိုက်လံဆွဲခေါ်သော်လည်း ငြင်းဆန်ခဲ့သည်။

အဆုံးအဖြတ်

အဆိုပါ ပယ်နယ်တီကို မူစတာဖစ်ဖာရူဒင်က သွင်းယူခဲ့၍ စင်ကာပူတို့ နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ယင်းပယ်နယ်တီဆုံးဖြတ်ချက်မှာ ပြဿနာကို ဖန်တီးခြင်းဖြစ်ကြောင်း၊ မှားယွင်းသောအဆုံးအဖြတ် ဖြစ်ကြောင်း ထိုင်းအသင်းမန်နေဂျာ သာဗက်ချိုင်းဆာဂျာဘူးလ်က ဗန်ကောက်ပို့စ်သို့ ပြောကြားသည်။

ယင်းဆုံးဖြတ်ချက်မှာ မှားယွင်းနေကြောင်း၊ အာဆီယံဘောလုံးအဖွဲ့ချုပ်သို့ တိုင်စာတစ်စောင်ပို့မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဒုတိယအကျော့

အဆိုပါ ထိုင်းအသင်းနှင့် စင်ကာပူအသင်းတို့သည် တနင်္ဂနွေနေ့တွင် ဗန်ကောက်မြို့၌ ဒုတိယအကျော့အဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်းလက်အောက်ရှိ ဗာဂျီးနီးယားဆေးလုပ်ငန်းစက်ရုံအတွက် လိုအပ်သောယူရီးယားအား မြန်မာကျပ်ငွေ/အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်-

ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
ယူရီးယား	၁၅၀ တန်	၀၀၁၀ တီ/၀၆-၀၇

၂။ ချိပ်ပိတ်တင်ဒါပေးသွင်းမှုကို အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ စက်မှုညှိနှိုင်းကြားရေးဦးစီးဌာန၊ နေပြည်တော်သို့ ၁၃-၂-၂၀၀၇ရက် ၁၆း၀၀နာရီတွင် နောက်ဆုံးပေးသွင်းရမည် ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

** **အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း(ရောင်းဝယ်ရေးဌာန)**
(က) နေပြည်တော် ဖုန်းအမှတ်-၀၆၇-၄၀၈၀၆၇
(ခ) အမှတ် ၁၉၂၊ ကမ္ဘာအေးဘုရားလမ်း၊ ဖုန်း-၀၁-၅၆၁၀၅၄။

နှစ်(၅၀)ပြည့် မွေးနေ့မင်္ဂလာဆုမွန်လွှာ

၁-၂-၂၀၀၇ ရက်တွင် ကျရောက်သော ဖေဖေ ဗိုလ်မှူးကြီးအောင်ကျော်ငြိမ်း၏ နှစ် (၅၀)မြောက် ရွှေရတုမွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာစွာဖြင့် နိုင်ငံ့အကျိုး၊ လောကီ လောကုတ္တရာ အကျိုးတို့ကို သယ်ပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်ဇနီး-ဒေါ်ခင်မေလင်း
ချစ်သား-မောင်နေနေအောင်(B.Com)
ချစ်သမီး-မအိအိလင်းအောင်B.A(Geog)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မော်ဘီမြို့၊ တပ်ကြီးကုန်း၊ ကွမ်းခြံပိုင်းစက်လမ်း၊ အမှတ် ၃၂၆ နေ
ဦးအောင်စိန်-ဒေါ်သန်းတင်(စေတနာရှင်ရွှေဆိုင်)၊
ထန်းတပင်မြို့၊ ဦးစံအေးလမ်း၊ အမှတ် ၄၅ နေ ဦးသိန်းအောင်တို့၏မြေး၊
ရဲမှူးကြီးစောလှိုင်(မန္တလေးတိုင်း)-ဒေါ်အုံးကြည်၊
ဒေါ်အုံးမြင့်၊ ဒေါ်သန်းဝင်း(စေတနာရှင်ရွှေဆိုင်)မော်ဘီတို့၏ တူသား
ဗိုလ်ကြီးအောင်ကိုကို(B.E, Chemical)D.S.T.A ၏ညီ၊ မသဉ္ဇာကိုကို(Final Year, Law)နှင့်
မောင်ဖြိုးကိုကို(2nd Year, Myanmar)တို့၏အစ်ကို၊ ဦးလှကြည်-ဒေါ်သိန်းချစ်တို့၏ဒုတိယသား

မောင်မျိုးကိုကို B.E(Mech) YTU
M.Sc(Mech) National University of Singapore
Project Engineer
Rotary Group of Companies Oil & Petrol Chemical-Singapore

နှင့်
ညောင်လေးပင်မြို့နယ်၊ ကျူချောင်းရွာနေ (ဦးတိုးဒီ-ဒေါ်သိန်းမေ)၊
ညောင်လေးပင်မြို့၊ ရွာမရပ်နေ (ဦးအောင်ညွှန့်)-ဒေါ်ရီတို့၏မြေး၊
နေပြည်တော်နေ ဦးထွန်းမြအောင်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဝန်ကြီးဌာန)-ဒေါ်ကြူကြူစန်းတို့၏ သမီးလတ်
ကိုတင်မောင်ဌေး M.D(Thantwe Marine Product Co.,Ltd.)-မဆန်းချစ်ရဲဝင်း (Education Service) တို့၏အစ်မ၊ ကိုသက်ဝင်း Owner of Stamford Sushi Place(CT-)USA - မခင်ထက်ထက်အောင်မြင်၊ Owner of Greenwich Sushi Beverage Centre(CT) USA တို့၏ညီမ

မစန်းထက်ရီဝင်း B.A(English)
ACCA Final(UK)
Dip in Managerial Principle, (LCCI Level III), UK
B.Sc(Hons)(Thesis) Apply Accounting, (Oxford Brookes University)
Accountant(Robin Chia & Co-CPA Firm, Singapore)

တို့အား ၂၆-၁-၂၀၀၇ ရက်နေ့ Yangon Universities' Boat Club View Point ခန်းမ၌ နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မျိုးကိုကို-မစန်းထက်ရီဝင်း။





ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက ဆောင်ရွက်လျက်ရှိသည့် တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ စမ်းချောင်း၊ အလုံ၊ ရန်ကင်း၊ တာမွေ၊ သာကေတ၊ မရမ်းကုန်း၊ ကမာရွတ်၊ လှိုင်သာယာမြို့နယ်များ၏သန့်ရှင်းရေးလုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လုပ်ငန်းအပ်နှံဆောင်ရွက်မည်ဖြစ်သဖြင့် လုပ်ငန်းလုပ်ကိုင်လိုသူများသည် မိမိလုပ်ကိုင်နိုင်သည့် ရရှိလိုသောနှုန်း ဖော်ပြပါရှိသည့်စာအား ဆက်သွယ်ရန် ဖုန်းနံပါတ်ပါသည့် လိပ်စာအပြည့်အစုံ ဖော်ပြအိတ်ပိတ်၍ ဌာနသို့ ၁၅-၂-၂၀၀၇ရက်နောက်ဆုံးထား၍ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၄၈၂၄၊ ၂၄၆၅၇၁ တို့သို့ ရုံးချိန်အတွင်း မေးမြန်းနိုင်ပါသည်။ (လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသူများသည် လက်ကိုင်ဖုန်း၊ လိုင်းဖုန်းများရှိရန်လိုအပ်ပြီး လျှောက်ထားသည့်နယ်မြေတွင် နေထိုင်သူဖြစ်က ဦးစားပေးမည်ဖြစ်ပါသည်။)

ဌာနမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန။

ဦးတင်မောင်နှင့်အများသိစေရန်

၂၃-၁-၂၀၀၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်း စာချုပ်အားပြန်လည်ရုပ်သိမ်းခြင်းကြေညာချက်နှင့်ပတ်သက်၍ အောက်ပါအတိုင်း ပြန်လည်ကြေညာအပ်ပါသည်။

ဦးတင်မောင်(BR-၀၀၆၃၅၉)အမှတ် ၂၃၁ ပြည်လမ်း ရှင်စောပုရပ်ကွက် စမ်းချောင်းမြို့နယ် ရန်ကုန်တိုင်းနှင့် ရွှေပြည်ဦးဆောက်လုပ်ရေးတို့သည် ၂၀-၆-၁၉၉၇တွင် အထက်ဖော်ပြပါအဆောက်အအုံကို ၁၂ထပ်ဖြင့် ဆောက်လုပ်ရန် စာချုပ်ချုပ်ဆိုခဲ့ကြရာ သက်ဆိုင်ရာမှ ၅ထပ်ဖြင့်သာ ဆောက်လုပ်ခွင့်ပြုခဲ့ပါသည်။ မြေရှင်ဦးတင်မောင်နှင့်ကျွန်တော်တို့ရွှေပြည်ဦး ဆောက်လုပ်ရေးအဖွဲ့မှ ၁၂ထပ်အစား ၅ထပ်တိုက်သာ ဆောက်လုပ်ရန် ညှိနှိုင်းရာ ဦးတင်မောင်က လက်မခံသဖြင့် ယနေ့အထိ အဆောက်အအုံဆောက်လုပ်ရန် အဆင်မပြေခဲ့သေးပါ။ မြေရှင် ဦးတင်မောင်အားကျွန်တော်တို့အဖွဲ့က အလိုက်ငွေ သိန်းပေါင်းရာချီ၍ ပေးခဲ့ရပါသဖြင့် ဤမြေနှင့်ပတ်သက်၍ ရောင်းချခြင်း၊ အဆောက်အအုံ ဆောက်လုပ်ခြင်း မပြုလုပ်ကြပါရန် အများသိစေရန်ကြေညာအပ်ပါသည်။

ရွှေပြည်ဦးဆောက်လုပ်ရေးအဖွဲ့
ဦးဇော်ဝင်း (PRE - ၁၃၅၀၃၂)
ဒေါ်ယဉ်ယဉ်မြ (BSNW - ၂၃၅၁၂၇)တို့၏ လွှဲအပ်ချက်အရ-
ဦးဇော်မင်းမြင့်(MGK-၀၃၈၉၅၄)
ဦးအောင်နိုင်မြင့်(MGK-၀၃၈၉၅၅)
အမှတ် (၄၆-M)၊ ဆရာစံလမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဝိဇာတအလှူတော်နှင့် စာအောင်သံဃာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက်ခေမာသီဝံကျောင်းဆရာတော် ဦးကောသလာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ)၏ ဝိဇာတအလှူတော်နှင့် ခေမာကာရီစာအောင်သံဃာပူဇော်ပွဲကို ဖေဖော်ဝါရီ၁၀ရက်၌ ကျင်းပမည်ဖြစ်ရာ ဦးဇော်ဌေး အတွင်းရေးမှူး ထူးကြီးအသင်း ဖုန်း-၀၁-၂၀၀၃၆၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

The Live News ဂျာနယ် အမှတ်(၂၂)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live Newsဂျာနယ် အမှတ်(၂၂) ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

မြတ်နိုးလှစွာ ခြေတော်ရာ၊ မဲဇလီဆိပ် တာချီလိတ်အေးရိပ်ဝေစည် ဖွံ့ဖြိုးသည်၊ မြန်မာသဘော်သားများအ တွက် ကုမ္ပဏီသစ် မိတ်ဆက်ပွဲ၊ ဟော်ကီကလပ်အသင်းများဖွဲ့စည်းမည်၊ ပထမဆုံး ပြည်တွင်းဖြစ် အိမ်ဆောင်မီးသတ်ပိုက်၊ သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်းသစ်၊ မိမိပြည်တွင်းရေးထက် တိုင်းတစ်ပါးပြည်တွင်းရေးကို စိတ်ဝင်စားနေသော ဂျော့ဘုရှ်၊ အိန္ဒိယတွင် ရုရှားက နျူကလီးယားဓာတ်ပေါင်းဖိုအသစ်(လေး)ခု တည်ဆောက်မည်၊ အီရတ်မှ အမေရိကန်တပ်ဖွဲ့များရုပ်သိမ်းရေး ဝါရှင်တန်တွင် လူပ်ရှားမှုပြုလုပ်၊ အမေရိကန်ဘတ်ဂျက် ဥပဒေသစ်ကို စတင်ပြောင်းလဲစေမယ့် ဒီမိုကရက်ပါတီရဲ့ ထိုးနှက်ချက်များ၊ နာနတ်ယိုခါးခါးကလေး၊ တက္ကစီမင်းနှင့် အိန္ဒိယချစ်သူစုံတွဲ၊ အထင်နှင့်အမြင်၊ အမေရိကန် သမ္မတဂျော့ဒဗလျူဘုရှ်၏ ကံကြမ္မာ ဘယ်လိုလဲ၊ ကိုရီးယား ရုပ်ရှင်ကြိုတင်ဇာတ်လမ်းများစသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ဆင်ဖြူကျွန်းအောင်သိန်း၊ မြင်းမူမောင်နိုင်မိုး၊ ကိုကိုလှိုင်၊ ဝဥ္စာအောင်နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ပါဝင်ရေးသားတင်ဆက်ထားသည်။

The Live News ဂျာနယ်သို့ စာမူပေးလိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ် ၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း၀၀၄ လမ်းမတော်မြို့နယ်၊ ဖုန်း- ၂၂၉၈၈၂၊ ၂၂၉၈၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

တောင်ဥက္ကလာပနှင့်လှည်းကူးမြို့နယ်များ၌မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၁

ဇန်နဝါရီ၂၉ရက် နံနက်၇နာရီတွင် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် ကောလိယလမ်းသွယ် ၂၀ အမှတ်၄၃၅ နေ ဒေါ်ယုယုနီ၏အိမ်တွင် မွေ့ရာအနီး ခြင်ဆေးခွေ ထွန်းထားရာမှ မီးလောင်မှုဖြစ်ပွားရာ မီးလောင်မှုကြောင့် နှစ်နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးသည်။

အလားတူ ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ပိုက်ကြီးဝဲကျေးရွာနေ ဦးဘမော်၏ အိမ်တွင် မီးဖိုမီးကြွင်းမီးကျန်မှ ဇန်နဝါရီ ၂၉ရက် နံနက်၁၀နာရီခန့်တွင် မီးလောင်မှုဖြစ်ပွားရာ မီးလောင်မှုကြောင့် အိမ်တစ်လုံးမီးလောင်ခံရပြီး ငွေကျပ် ၇၀၀၀၀ဖိုးခန့် ဆုံးရှုံးသွားကြောင်း မီးသတ်ဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ သြဝါဒပါတိမောက်အခါတော်နေ့ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ သြဝါဒပါတိမောက် အခါတော်နေ့ အခမ်းအနားကို ယနေ့နံနက်၈နာရီက မဟာစည်ဓမ္မာရုံတွင်ကျင်းပရာ ဥက္ကဋ္ဌ ဦးကျော်ထွန်းက နမောတဿသုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ထို့နောက် အတွင်းရေးမှူး ဦးမောင်မောင်ကြည်က သြဝါဒပါတိမောက် အခါတော်နေ့ကျင်းပရခြင်းအကြောင်းကို လျှောက်ထားတင်ပြပြီး သံဃာတော်များနှင့် ဟိတေသီအဖွဲ့ဝင် ယောဂီများက သြဝါဒပါတိမောက် ပါဠိတော်များ၊ အနက်အဓိပ္ပာယ်များ၊ ရှစ်လုံးကဗျာများကို ညီညာဖြဖြ ရွတ်ဆိုပူဇော်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် သြဝါဒါစရိယဆရာတော် ဦးကဝိဓဇ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) အရှင်မြတ်က သြဝါဒပါတိမောက်တရားတော်ကို အကျယ်တဝင့် ဟောကြားတော်မူသည်။ ဆက်လက်၍ ရန်ကုန်မြို့ ရွှေတောင်ကြားလမ်း စပယ်ရတနာ ဦးသန်းဝေအားရည်စူး၍ ဒေါ်အင်မြင့်မိသားစုက ယောဂီကုန်၊သံဃာကုန် နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး ဒေါက်တာတင်မြင့်ခိုင်က အလှူရှင်များကို ဖတ်ကြားကြေညာပြီး ဂုဏ်ပြုလွှာချီးမြှင့်သည်။ ဆရာတော်ကြီးက အလှူရှင်အသီးသီး၏ ကုသိုလ်များကိုရေစက်ချ အမျှအတန်းပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သံတွဲခရိုင်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

သံတွဲခရိုင်အသင်း (ဂွ-တောင်ကုတ်-သံတွဲ)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ၂၅ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသား၊ ခရိုင်သူခရိုင်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ဆက်သွယ်စာရင်းပေး

သက်ကြီးပူဇော်ပွဲအတွက် အသင်းဝင် မိသားစုမှ အသက်၇၆နှစ်နှင့်အထက် ဘိုးဘွားများ စာရင်းကို မှတ်ပုံတင်မိတ္တူပူးတွဲ၍လည်းကောင်း၊ ၂၀၀၅-၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူ အသင်းဝင် သားသမီးများ စာရင်းကို အမှတ်စာရင်းမိတ္တူ ပူးတွဲ၍လည်းကောင်း၊ နာယက ဗိုလ်မှူးကျော်ဝင်း (ငြိမ်း) ဖုန်း-၂၉၁၂၀၀၊ ဥက္ကဋ္ဌ ဦးကျော်ရင် ဖုန်း-၃၇၆၈၄၈၊၀၉-၅၁-၂၆၄၈၉၊ ဒုတိယဥက္ကဋ္ဌ ဦးမြမောင် ဖုန်း-၆၄၃၆၂၀၊ ၀၉-၅၁-၂၁၅၂၁၊ အတွင်းရေးမှူး(၃) ဦးမောင်မောင်သိန်းဖေ ဖုန်း-၀၉-၅၁-၁၂၃၀၇၊ အသင်းရုံးခန်း ဖုန်း- ၃၈၂၀၈၇နှင့် နီးစပ်ရာ အမှုဆောင်တို့သို့ ဖေဖော်ဝါရီ ၁၇ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံကြက်ခြေနီအသင်း

အကြိမ်(၆၀)မြောက် ဗဟိုကောင်စီအစည်းအဝေး

၂၀၀၇ခုနှစ်၊ ဖေဖော်ဝါရီလ ၆ရက် မှ ၈ရက်

(အစား)

၂၀၀၇ခုနှစ်၊ ဖေဖော်ဝါရီလ ၅ရက် မှ ၇ရက်အထိ ပြောင်းလဲဖိတ်ကြားအပ်ပါသည်။

သူနာပြုတက္ကသိုလ် (အောက်မြန်မာပြည်)
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့။

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ ကျောက်ဆည်မြို့ စံပြကျေးရွာများ ရွာလုံးကျွတ်အသင်းဝင်အဆိုပြုလွှာပေးအပ်

မန္တလေး ဇန်နဝါရီ ၁၀

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့သို့ ကျောက်ဆည်မြို့နယ် စံပြကျေးရွာခုနစ်ရွာမှ ရွာလုံးကျွတ် ရာသက်ပန်အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲနှင့် ကျန်းမာရေးပညာပေး ဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ရက် နံနက် ၁၀နာရီက ကျောက်ဆည်မြို့ဝေဘူချောင်ရေခဲဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

လက်ခံယူ

ဆက်လက်၍ ကျောက်ဆည်မြို့နယ် သံရွာ၊ တောင်နောက်၊ ပြည်ပန်း၊ မယ်ဇယ်ပင်၊ ပတ္တာ၊ ဇရပ်ဖြူ၊ ညောင်ခြောက်ပင် စံပြကျေးရွာခုနစ်ရွာမှ ရွာလုံးကျွတ် ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ ၂၁၃၂စောင်ကို ပေးအပ်ရာ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ခင်ပြုံးဝင်းက လက်ခံရယူသည်။ **(ယာပုံ)**

ထို့နောက် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်ခင်မေသစ်တို့က စံပြ ကျေးရွာ ခုနစ်ရွာအတွက် တစ်ရွာလျှင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဝတ်စုံ ၁၀စုံနှုန်းဖြင့် ဝတ်စုံအစုံ ၇၀ကို ပေးအပ်လှူဒါန်းရာ ကျေးရွာကိုယ်စားလှယ်များက လက်ခံရယူကြသည်။

လက်တွေ့သရုပ်ပြ

ဆက်လက်၍ ကျန်းမာရေး ပညာပေးဟောပြောပွဲကိုကျင်းပရာ တိုင်းကျန်းမာရေးဦးစီးဌာနမှ မြို့နယ် ကျန်းမာရေးအရာရှိဒေါက်တာမိုးခိုင်က လူတွင်ဖြစ်ပွားတတ်သော ကြက်၊ ငှက်တုပ်ကွေးရောဂါအကြောင်းကိုလည်းကောင်း၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူးဒေါက်တာဒေါ်ခင်မေသစ်က ဝမ်းပျက်၊ ဝမ်းလျှောရောဂါအကြောင်းကိုလည်းကောင်း ဟောပြောကြပြီး လက်ဆေးနည်းကို လက်တွေ့သရုပ်ပြရှင်းလင်းကြသည်။ **(သတင်းစဉ်)**

ဖခင်ကြီးဦးအောင်ထွန်း(ဗလပြည့်)နှင့် မိခင်ကြီး ဒေါ်ငြိမ်းအား ရည်စူး၍ ရန်ကုန်မြို့ အလုံမြို့နယ် နှင်းဆီကုန်းလမ်း ခြံအမှတ်(၉၂)နေ ဦးအေးသောင်း-ဒေါက်တာဒေါ်အေးအေးသိန်း (ဗဟိုအမျိုးသမီး ဆေးရုံကြီး)၊ ညီအစ်ကိုမောင်နှမ(ရွှေအိုးကြီးမိသားစု)က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၁၅၀၀၀ ကို မင်းကွန်းအနုနာယက ဆရာတော် ဘဒ္ဒန္တဝိနယထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတရဲ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တောင်ငူမြို့နယ်၌ ဘက်စုံထူးချွန်ဆုရသူများ ဂုဏ်ပြုရန် အလှူငွေပေးအပ်ပွဲကျင်းပ

တောင်ငူ ဇန်နဝါရီ ၁၃

တောင်ငူမြို့နယ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာထူးချွန်ဆုရကြသူများအား ဂုဏ်ပြုပွဲအတွက် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ တောင်ငူခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ စုပေါင်း၍ ငွေလှူဒါန်းပွဲကို ဇန်နဝါရီ ၆ ရက်က တောင်ငူမြို့ အထက(၅) ကျောင်းခန်းမ၌ ကျင်းပသည်။

စုပေါင်းအလှူငွေများကို ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွှန့်**(အောက်ပုံ)**၊ တောင်ငူခရိုင်

အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ရွှေအေး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများက ပေးအပ်လှူဒါန်းကြရာ မြို့နယ်ပညာရေးမှူးဦးမြင့်ဆွေက လက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

ဖျော်ဖြေ

မြို့နယ်ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာထူးချွန်ဆုပေးအပ်ပွဲတွင် ကျောင်းသူ ကျောင်းသားများက အကပဒေသာများဖြင့် ဖျော်ဖြေကြပြီး အားကစားပွဲများနှင့် ဈေးပွဲတော်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ **(၃၇၂)**

သွေးဆေးကန် အရှင်နန္ဒာစရိယ အထူးတရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ သွေးဆေးကန်အရှင်နန္ဒာစရိယ(ခက်သင်)သာသနဓဇဓမ္မာစရိယ ဂဏဝါစက ဓမ္မာစရိယသည် ပဲခူးတိုင်း ပြည်မြို့ ဝက်ထီးကန်မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲအမှတ်(၇၈)၏ တပေါင်းလပြည့်ကျော် ၉ ရက်မှ ၁၅ ရက် (မတ် ၁၁ရက်မှ ၁၇ရက်) အထိ ကျင်းပမည့်(၂၅)ကြိမ်မြောက် တရားစခန်းပွဲ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဖြူး အထက(၁) အာစရိယပူဇော်ပွဲကျင်းပ

ဖြူး ဇန်နဝါရီ ၂၉

သတ္တမအကြိမ်မြောက် ဖြူးမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း(အမျိုးသားကျောင်း-၁၉၂၀)၏ အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၀ရက် မွန်းတည့် ၁၂နာရီက အဆိုပါကျောင်း အမျိုးသား ကျောင်းဆောင် အမျိုးသားခန်းမ၌ ကျင်းပရာ ၁၉၂၀ ပြည့်နှစ်မှ ၁၉၉၀ ပြည့်နှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြပြီး အငြိမ်းစားယူခဲ့ကြသော ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ဖြူးမြို့နယ်အသင်း(ရန်ကုန်)မှ အသင်းဝင်များ၊ ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါက်တာခင်မောင်မြင့်ကျော်နှင့် ဦးတင်ဌေးတို့က နှုတ်ခွန်းဆက် ဂါရဝစကား ပြောကြားပြီး ကန်တော့ခံ ဆရာကြီးဦးတင်အောင်လင်းနှင့် ဆရာမကြီး ဒေါ်ခင်စိန်တို့က ဩဝါဒ အမှာစကားများ ပြောကြားရာ ကန်တော့ခံ ဆရာကြီး ဆရာမကြီး ၉၉ဦးတို့အား ကျောင်းသား ကျောင်းသူဟောင်းများက ဂါရဝပူဇာပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။

လှူဒါန်းခဲ့

ထို့နောက် ဆရာကြီး ဆရာမကြီးများအား ပူဇော်ငွေကျပ်လေးသိန်းကျော်ကို ကံစမ်းမဲများ ဖောက်ပေး၍ ဂါရဝပြုကြကာ နံနက် ၆နာရီက ယင်းခန်းမ၌ပင် ကွယ်လွန်သူ ဆရာကြီး ဆရာမကြီးများအား ရည်စူး၍ ဘုရားအမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့အား ပင့်ဖိတ်ပြီး လှူဖွယ်ဝတ္ထုအစုစုဖြင့် ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြသည်။

ညစာစားပွဲကျင်းပ

ညပိုင်းတွင်ကျင်းပရေးကော်မတီက ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ညစာဖြင့် တည်ခင်းဧည့်ခံပြီး ဇန်နဝါရီ ၂၁ရက် ညပိုင်းတွင်ကျောင်းသား ကျောင်းသူဟောင်းများ မိတ်ဆုံညစာစားပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ **(က-ပ)**

စဥ့်ကူးမြို့နယ် အမှတ် (၈၁) သီလုရွာ အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၉ ရက်က ကျင်းပရာ လက်ထောက် မြို့နယ်ပညာရေးမှူး ဦးမင်းထိုက်က စတုတ္ထတန်းမှ ပထမဆုရ မောင်ရှိုင်းအောင်အား ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

သီပေါမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး တိုင်းရင်းဆေးအကြောင်း အသိပညာပေး

သီပေါ ဇန်နဝါရီ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ အသင်းဝင်များ အဆိုပြုလွှာများပေးအပ်ခြင်းနှင့် တိုင်းရင်းဆေးအကြောင်း အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၆ရက်က စံဖိတ်ကျေးရွာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သီပေါမြို့နယ် ဥက္ကဋ္ဌ ဦးခင်ကြည်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြင်မြတို့က အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး ဒေါ်နန်းအုန်းကြည်က တိုင်းရင်းဆေးအကြောင်း သိကောင်းစရာများကို ဟောပြောကာ အသင်းဝင်အဆိုပြုလွှာများကို အသင်းဥက္ကဋ္ဌ ဒေါ်ကြင်မြထံ ပေးအပ်ကြသည်။

ထို့ကြောင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ကြင်မြနှင့် အဖွဲ့ဝင်များသည် ရေဟော်ကျောင်းတိုက်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိ ရဟန်း သံဃာသာမဏေများအတွက် တစ်ခါသုံးဓားများကို ရေဟော်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဝါသဝ အရှင်သူမြတ်ထံ ဆက်ကပ်လှူဒါန်းကြသည်။ **(၃၀၆)**

ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် စာကြည့်တိုက် အခြေခံဆင့်ပွား သင်တန်းကို ဇန်နဝါရီ၁၆ရက်က တူရွင်းတိုင်ကျေးရွာအုပ်စု လက်ဝဲကျေးရွာ ပညာတံခွန် စာကြည့်တိုက်၌ ဖွင့်လှစ်ရာ ညောင်ဦးမြို့နယ် ဒုတိယဦးစီးမှူးဒေါ်မေသက်နွယ်က စာကြည့်တိုက်အခြေခံပညာရပ်ဆိုင်ရာများပို့ချပေးစဉ်။ (ခရိုင် ပြန်/ဆက်)

ဗကပအနွယ်များ၊ လူမျိုးရေးအစွန်းရောက်သူများ၊ လက်ယာနိုင်ငံရေးသမားများနှင့် ပူးပေါင်းပြီး

CRPP က NLD ဌာနချုပ်၌ နိုင်ငံရေးလှုပ်ရှားမှု ဦးဆောင်ပြုလုပ်ရန် စီစဉ်လျက်ရှိ

မြန်မာနိုင်ငံအား လုပ်ကြံဖျက်ဆီးနေသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ အစီအမံနှင့် ကြောင်းကျိုးဆက်စပ် ပတ်သက်နေသည့် လုပ်ရပ်ဖြစ်ကြောင်း ပြည်သူများက ဝေဖန်ပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၁

ယခုလာမည့် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကိုအကြောင်းပြုပြီး ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ရန်ကုန်မြို့ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ရုံး၌ ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီ (CRPP) ဆိုသည့်အဖွဲ့က ဦးဆောင်၍ ပြည်ထောင်စုနေ့အခမ်းအနားကျင်းပပြီး နိုင်ငံရေးလှုပ်ရှားမှုများပြုလုပ်သွားရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

ယခင်က ထိုသို့သော ပြည်ထောင်စုနေ့ အခမ်းအနားများကို NLD ကသာ ဦးဆောင်ကျင်းပလေ့ရှိသော်လည်း ယခုနှစ်ကျမှ CRPP က ဦးဆောင်ကျင်းပရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

တက်ရောက်စေမည်

ယင်းအခမ်းအနားသို့ ၁၉၉၀ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ပြည်နယ်၊ တိုင်းများရှိ NLD ကိုယ်စားလှယ်များ၊ တိုင်းရင်းသားပါတီအချို့မှ ရွေးချယ်ခံ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားခေါင်းဆောင်အချို့နှင့် ဝါရင့်နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်များ၊ ၈၈ မျိုးဆက်ကျောင်းသား အုပ်စုဝင်များကို ဖိတ်ကြားတက်ရောက်စေမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထို့အပြင် NLD နှင့် ပူးပေါင်းဆက်သွယ်ဝင်ထွက်သွားလာနေသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးအချို့နှင့် နိုင်ငံတကာအဖွဲ့အစည်းအချို့ကိုလည်း ဖိတ်ကြားထားကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ CRPP က ဖိတ်ကြားတက်ရောက်စေမည့် အဖွဲ့များသည် ၁၈-၁-၂၀၀၇ရက်နေ့၌ ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်အဖွဲ့က ကျင်းပပြုလုပ်ခဲ့သည့် ၈၈ မျိုးဆက်ကျောင်းသားအုပ်စုဝင် မင်းကိုနိုင်တို့အဖွဲ့ လွတ်မြောက်လာခြင်းအား ဂုဏ်ပြုသည့်အခမ်းအနားသို့ ဖိတ်ကြားတက်ရောက်ခဲ့သည့် အဖွဲ့များပင်ဖြစ်ကြောင်း တွေ့ရှိရသည်။

ပါဝင်နေ

၎င်းအဖွဲ့များမှ တက်ရောက်ခဲ့ကြသည့် ပုဂ္ဂိုလ်များတွင် လက်ဝဲအစွန်းရောက်သူ ဗကပများနှင့် ဗကပအနွယ်ဝင်များ၊ လူမျိုးရေး အစွန်းရောက်ဝါဒ စွဲကိုင်ထားသူများ ၊ အနောက်နိုင်ငံကြီးများကို လိုလားအားကိုးသော လက်ယာနိုင်ငံရေးသမားများ ပါဝင်နေကြောင်း တွေ့ရှိရသည်။

စာမျက်နှာ ၅ ကော်လံ ၅ ✱

မြန်မာနိုင်ငံအပေါ် အမေရိကန်နှင့် ဗြိတိန်တို့၏ ပိုလ်ကျစိုးမိုးရေးလုပ်ရပ်ကို မခံမရပ်နိုင်သော ပြည်သူများက ဆန့်ကျင်ကန့်ကွက်သည့် ပိုစတာများကိုင်ဆောင်၍ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးရှေ့၌ ဆန္ဒပြပွဲများ ထပ်မံပြုလုပ်

ရန်ကုန် ဖေဖော်ဝါရီ ၁

ယနေ့မွန်းလွဲ ၁ နာရီခန့်အချိန်တွင် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးရှေ့နှင့် ဗြိတိန်သံရုံးရှေ့တို့၌ ထပ်မံဆန္ဒပြမှုများ မရှေးမနှောင်း ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဆန္ဒပြသူ ၃၀ခန့်သည် ယနေ့မွန်းလွဲ ၁ နာရီခန့်တွင် မဟာဗန္ဓုလလမ်းဘက်မှထွက်လာပြီး ကုန်သည်လမ်းရှိ အမေရိကန်သံရုံးရှေ့၌ ခေါက်တုံ့ခေါက်ပြန်လျှောက်၍ ဆန္ဒပြကြကြောင်း၊ မြန်မာနိုင်ငံအပေါ် အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့၏ ဗိုလ်ကျစိုးမိုးရေးလုပ်ရပ်ကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချသည့် ကြွေးကြော်သံပိုစတာများနှင့် သဘောထားကြေညာချက် စာရွက်များကို အမေရိကန်သံရုံးရှေ့တွင် ပစ်ချထားပြီး လူစုခွဲသွားကြောင်း သိရသည်။

ထို့အတူ ယနေ့မွန်းလွဲ ၁ နာရီခန့်တွင် ဆန္ဒပြသူ ၃၀ နီးပါးသည် မြန်မာနိုင်ငံအပေါ် အမေရိကန်နှင့် ဗြိတိန်တို့၏ ဗိုလ်ကျစိုးမိုးရေးလုပ်ရပ်ကို ဆန့်ကျင်ကန့်ကွက်သည့် ပိုစတာများကိုင်ဆောင်လျက် ကမ်းနားလမ်းရှိ ဗြိတိန်သံရုံးရှေ့၌ ခေါက်တုံ့ခေါက်ပြန်လျှောက်၍ ဆန္ဒပြပြီး လူစုခွဲသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမေရိကန်နှင့်ဗြိတိန်တို့၏ ပိုလ်ကျစိုးမိုးရေးလုပ်ရပ်ကို လုံးဝလက်မခံ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးရှေ့၌ ဆန့်ကျင်ကန့်ကွက်ကြောင်း ဆန္ဒပြမှုများနှင့် စပ်လျဉ်း၍

ပြည်သူလူထု၏ ဆန္ဒသဘောထားများ

☆ **အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့က မြန်မာနိုင်ငံအပေါ် ဗိုလ်ကျစိုးမိုးရေးလုပ်ရပ်များ ဆက်တိုက်ပြုလုပ်ပြီး နိုင်ငံနှင့် လူမျိုးအား အကြိမ်ကြိမ် ထိပါးစော်ကားနေခြင်းကို မခံမရပ်နိုင်ဖြစ်လာသော ပြည်သူများအတွင်းမှ အမျိုးသားရေးစိတ်ဓာတ် ပြင်းပြထက်သန်သူများ ရှေ့တန်းထွက်၍ ဆန့်ကျင်ကန့်ကွက်လိုက်ခြင်းပင် ဖြစ်ကြောင်း၊**

စာမျက်နှာ ၅ ကော်လံ ၁ ❍

မြန်မာနိုင်ငံအပေါ် ၎င်းတို့၏ မသမာသောလုပ်ရပ် အရေးနိမ့် ရပ်တန့်သွားသဖြင့်

ဖောက်ခွဲဖျက်ဆီးမှုနှင့် အဖျက်အမှောင့်လုပ်ငန်းများ အရှိန်တိုးမြှင့် ပြုလုပ်ရန်အတွက်

ပြည်တွင်းပြည်ပ အဖျက်သမားများ အပူတပြင်း တွေ့ဆုံပူးပေါင်း လုပ်ကြံနေ

ပြည်ပ ဆန့်ကျင်ဘက် အဖွဲ့များကလည်း ငွေကြေးနှင့်ဖောက်ခွဲရေးပစ္စည်းများ ပံ့ပိုးကူညီလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁

ပြည်တွင်းပြည်ပ အဖျက်သမားများသည် ၎င်းတို့၏ မသမာသော လုပ်ရပ် အရေးနိမ့် ရပ်တန့်သွားခြင်းကြောင့် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အကြောင်းပြချက်များ ထပ်မံ ဖန်တီးစွပ်စွဲနိုင်ရေးအတွက် ပြည်တွင်း၌ မတည်ငြိမ်မှုများ၊ ဆူပူအုံကြွမှုများဖြစ်ပွားအောင် အကြမ်းဖက်ဖောက်ခွဲမှုများ၊ အဖျက်အမှောင့်လုပ်ငန်းများကို ပြည်တွင်းနိုင်ငံရေးလှုပ်ရှားမှုများနှင့် ဟန်ချက်ညီ ပိုမိုအရှိန်တိုးမြှင့် လုပ်ဆောင်ရန် ကြံစည်အားထုတ်လျက် ရှိကြောင်း သတင်းများရရှိသဖြင့် သတင်းစာများမှတစ်ဆင့် ထုတ်ပြန်အသိပေးလျက်ရှိသည်။

ယခုတစ်ဖန် ထပ်မံရရှိလာသောသတင်းအရ ဇန်နဝါရီ ၂၈ ရက်က မဲဆောက်မြို့မြောက်ဘက် မယ်ပကျေးရွာရှိ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS) ရုံးတွင် ABSDF ဥက္ကဋ္ဌ သံခဲ၊ DPNS မှ ဖိုးချို(ခ) မြင့်မောင်၊ သိန်းဦးအပါအဝင် ၁၀ ဦးနှင့် စွမ်းအားမြှင့် မြန်မာကျောင်းသားစစ်သည်များအဖွဲ့ (VBSW) မှ အဖွဲ့ဝင်အချို့ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲသို့ အမေရိကန်နိုင်ငံသား ဂျိမ်းဘော့စ်အဲင့်ဘတ်ဆိုသူလည်း တက်ရောက်ခဲ့ကြောင်း၊ ဂျိမ်းဘော့စ်အဲင့်ဘတ်သည် ABSDF ၏ သတင်းစာစောင်များ ထုတ်ဝေဖြန့်ချိမှုအတွက် ငွေကြေးထောက်ပံ့နေသူဖြစ်ပြီး လောလောဆယ်တွင် မဲဆောက်မြို့နယ် မယ်ပရွာရှိ ဘတ်ဒေးဆော် ဟိုတယ်၌ တည်းခိုလျက်ရှိကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲ၌ မြန်မာနိုင်ငံအတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများကို ပြည်တွင်းနိုင်ငံရေးလှုပ်ရှားမှုများနှင့် ဟန်ချက်ညီ အရှိန်တိုးမြှင့် ပြုလုပ်ရန် ဆွေးနွေးခဲ့ကြကြောင်း၊ ၎င်းတို့အတွက် ဖောက်ခွဲဖျက်ဆီးရေး ပစ္စည်းများကို အမေရိကန်နိုင်ငံသား **စာမျက်နှာ ၅ ကော်လံ ၅ ●**